mgyoe.com

တောကြီးထဲမှာကတော့ အောမြိုင်



# ဂျက်

ဂျက်ကွမ်းခြံကုန်း

mgyoe.com

mgyoe.com



ဂျက်ကွမ်းခြံကျွန်း

တောကြီးထဲမှာကတော့ ဆောရီးဘဲ

ပေါ်သစ်တည်

mgyoe.com

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ (၀၀၀၄၇) ရွက်စိမ်းစာပေ၊
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဦးစန်းဦး၊ SKCC PRESS (၀၀၄၁၃) ၆၇၊ ၁၆၄ လမ်း၊ တာမွေ။

၂၀၁၅၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ် ၅၀၀၊

တန်ဖိုး- ၂၇၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | (က) |
| ၁။ | ခင်မင်သူတွေ သည်လိုခေါ်တယ် ကျွန်မကို မြီးတို | ၁ |
| ၂။ | နံမည်ရှေ့မှာ ဒေါက်တာတပ်ထားတဲ့ တော | ၇ |
| ၃။ | တစ်ပြားမှမတန်တဲ့ သတ္တဝါများ | ၁၃ |
| ၄။ | တောကြောင်ကြီးရဲ့နာမည် | ၁၉ |
| ၅။ | ဘယ်အကောင်ဖြစ်ဖြစ် တိရစ္ဆာန် | ၂၅ |
| ၆။ | လူမဟုတ်ဘူး ခြေနှစ်ချောင်းနဲ့ သတ္တဝါ | ၃၁ |
| ၇။ | တိရစ္ဆာန်လေးတွေ တံတားထိုးကြတော့ | ၃၇ |
| ၈။ | တောလုံးပြည့် မုသာဝါဒ | ၄၃ |
| ၉။ | အကောင်တွေ မစုံသေးဘူးတဲ့လား | ၄၉ |
| ၁၀။ | ရဂုံသေလာ ယုန်နေစရာ | ၅၅ |
| ၁၁။ | တိရစ္ဆာန်တွေ စစ်တမ်းကောက်ကြတုန်းက | ၆၁ |
| ၁၂။ | စုံနံ့သာမြိုင်သို့ မော်တော်ကားများ ရောက်ရှိလာခြင်း | ၆၇ |
| ၁၃။ | တိရစ္ဆာန်ဖြစ်ကြောင်း ပြောခွင့်ပေးပါ | ၇၃ |
| ၁၄။ | လူတွေလည်း မွေး တိရစ္ဆာန်တွေလည်း မွေး | ၇၉ |
| ၁၅။ | လမ်းပေါ်ရောက် တောအက်ကျူကေးရှင်း | ၈၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | တောသားတွေ တောနားကို ဘယ်လိုကပ်ရပ်၊ | ၉၁ |
| ၁၇။ | ကျီးက ဘုတ်ကိုရွေး ဘုတ်က ကျီးကိုရွေး | ၉၇ |
| ၁၈။ | ရှင်းခဲ့ရသည့် တိရစ္ဆာန်ပြဿနာများ | ၁၀၃ |
| ၁၉။ | တောကျက်သရေ | ၁၀၉ |
| ၂၀။ | ရဂုံတစ်ဝှမ်းမှာဖြင့် စုံစမ်းတော်မူကြပါစေ | ၁၁၅ |
| ၂၁။ | စုံနံ့သာမြိုင်ရှင်းတမ်း | ၁၂၃ |
| ၂၂။ | စုံနံ့သာမြိုင်နှင့် နွယ်မြက်သစ်ပင်များ | ၁၂၉ |
| ၂၃။ | တောမှာ တိုးတယ်ဆိုပြန်တော့ | ၁၃၅ |
| ၂၄။ | တိရစ္ဆာန်တွေက ထင်သလောက်ဆိုးလို့လား | ၁၄၁ |
| ၂၅။ | ဆင်ဖြူတော်တန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည် | ၁၄၇ |
| ၂၆။ | လူတောသို့ တိုးခဲ့ကြရာဝယ် | ၁၅၃ |
| ၂၇။ | ယာခရီးမှာ အသပြာတိုးတော်မူစေ | ၁၅၉ |
| ၂၈။ | လူဆိုရင် ဘယ်သူမှ ဝင်မလာစေနဲ့ | ၁၆၅ |
| ၂၉။ | တောထဲက အမှိုက်တွေ | ၁၇၁ |
| ၃၀။ | လူဆိုတာ ရူးနေတဲ့သတ္တဝါလား | ၁၇၇ |
| ၃၁။ | တိရစ္ဆာန်မန်းနီး လူမန်းနီး | ၁၈၃ |
| ၃၂။ | ပြောင်းဆန်အောင် အပြောင်းမမြန်လိုက်ပါနဲ့ | ၁၉၁ |
| ၃၃။ | အကောင် အချင်းအချင်းတွေပဲဥစ္စာ | ၁၉၇ |
| ၃၄။ | အခုထိ ခြောက်ကောင် မပြည့်သေးဘူး | ၂၀၃ |
| ၃၅။ | အလေးပြုက အဆွေးမုဒ် (MOOD) ပါကြစေ | ၂၀၉ |
| ၃၆။ | ခြသေ့်နဲ့ ကျား လမ်းခွဲပြီလား | ၂၁၅ |
| ၃၇။ | တောကို စွန့်သွားတာ တောသားတွေကောင်းဖို့ | ၂၂၁ |




mgyoe.com

mgyoe.com

# အမှာစာ

ကာတွန်းချစ်သူမို့ ကာတွန်းရုပ်ရှင်များ၊ အထူးသဖြင့် တိရစ္ဆာန် ကာတွန်းရုပ်ရှင်များ၊ ပို၍ အထူးသဖြင့် ဝေါ့ဒစ္စနေ (Walt Disney) ၏ ကာတွန်းရုပ်ရှင်များနှင့် ကြုံကြိုက်သည့်အခါတိုင်း စိတ်ပါလက်ပါကြည့် ဖြစ်သည်ချည်း ဖြစ်ပါသည်။

ထိုအခါ ကာတွန်းလူသားဖြစ်သူ ကိုအော်ပီကျယ်က စကားတစ်ခွန်း ပြောတတ်လေ့ရှိပါသည်။ အဲသည့်အမူအရာတွေ၊ အဲသည့်စတိုင်တွေက တိရစ္ဆာန်တွေရဲ့ အမူအရာ၊ တိရစ္ဆာန်တွေရဲ့ စရိုက်မဟုတ်ဘူး သူငယ်ချင်းရဲ့၊ လူတွေရဲ့အမူအရာ လူတွေရဲ့ စရိုက်တဲ့။ ဟုတ်ပါသည်။

ယုဒရပ်ကစ်ပလင်း (Rudyard Kipling)၏ The Jungle Bookကို ကျွန်တော်တို့ကြိုက်ခဲ့ကြပါသည်။ ဂျော့အော်ဝဲလ် (George Orwell)၏ Animal Farmကို ကျွန်တော်တို့ ခံစားခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး က တိရစ္ဆာန်ပုံပြင်များ၊ တိရစ္ဆာန်ကာတွန်းများ။ လူကို ထင်ဟပ်တုပထား သည့် ဇာတ်လမ်းဇာတ်ကွက်များကြားမှာ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ် နိုင်ဖို့ အခွင့်အရေးရအောင် တိရစ္ဆာန်အရုပ်ကလေးများက စွမ်းဆောင်ပေး ခဲ့ကြပါသည်။

mgyoe.com

mgyoe.com



ပထမ ထွက်ခဲ့သည့် "တောပါးစပ်"၊ ဒုတိယထွက်ခဲ့သည့် "တောစန္ဒရား"၊ ယခု တင်ဆက်လိုက်သည့် "တောကြီးထဲမှာကတော့ ဆောရီးပဲ" တို့သည် 7 Day နေ့စဉ် သတင်းစာတွင် တနင်္ဂနွေနေ့တိုင်း ဖော်ပြခဲ့သည့် ကျွန်တော့် သရော်စာများဖြစ်ပြီး တိရစ္ဆာန်များဖြင့် ဖွဲ့စည်းထားသည့် စာစုများ ဖြစ်ပါသည်။ လူတွေကို ကိုယ်စားပြုထားသည့် စာများဟု ယူသော်ရပါ၏။ ဘယ်ကလူတွေလဲဟု အမေးရှိခဲ့သော် စာဖတ်သူ ကိုယ်တိုင်သာလျှင် အဖြေပေးခဲ့စေလိုပါကြောင်း မေတ္တာရပ်ခံရပါသည်။

ဂျက်ကွမ်းခြံကုန်း
ရန်ကုန်မြို့

mgyoe.com

mgyoe.com





# တောကြီးထဲမှာကော မောင်စိုးပဲ

ဂျာ ကွမ်းခြံကုန်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

(၁)

မြီးတိုဆိုတဲ့ ကြောင်မကြီး စုံနံ့သာမြိုင်တောထဲကို မျက်စိလည်လမ်းမှားကာ ရောက်ရှိလို့လာရာက စ,လို့ ယခု ဆက်လက်ဖော်ပြ လတ္တံ့အံ့သော အကြောင်းချင်းတစ်တွေက ဆက်တိုက်ကြီးဆိုသလို ဖြစ်ပေါ်လို့လာရလေတာပါ။ ဟုတ်တယ်။ ကြောင်မကြီး မြီးတို။ ဘယ်ကနေ ဘယ်လို မျက်စိလည် လမ်းမှားလာခဲ့လေသလဲဆိုတာကိုဖြင့် ဘယ်သူက အတိအကျ သိရှိနိုင်ပါလိမ့်မလဲ။ သူလည်း တိရစ္ဆာန်ပဲဥစ္စာ။ ခြေဦးတည့်ရာ ဟိုခုန်၊ သည်လွှားရင်း ညအခါလို မှောင်မှောင်မည်းမည်းကြီးထဲမှာ လူ့ရွာကို လွန်မြောက်လို့ တောထဲကို ရောက်လာတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့။

သူမြီးတိုဖြစ်ကြောင်းကို ပထမတော့ အဘယ်တိရစ္ဆာန်ကမှ မသိကြပါဘူး။ သူကိုယ်တိုင်က ဖွင့်ပြောမှ သိကုန်ကြတာပါ။ နေဦး။ သူနဲ့စတွေ့တဲ့ တိရစ္ဆာန်တွေက တောကြောင်တွေခင်ဗျ။ ကြောင် ကြောင်ချင်းဆိုတော့လည်း ရင်းနှီးကုန်ကြလေတာပေါ့။ အဲသမှာ သူက စပြောတာပါ။

“ကဲ . . . အဆွေတို့ နာမည်ကလေးတွေ ပြောပြပါဦး၊ ကိုယ်ကတော့ မြီးတို” . . . တဲ့။

သူ့မိတ်ဆက်စကား ဆုံးဆုံးချင်းမှာကိုပဲ တောကြောင် လေးငါးဆယ်ကောင်က တစ်ပြိုင်နက်တည်းဆိုသလို “မြီးတို”လို့ ရေရွတ်လိုက်တဲ့ အသံဟာ ကျွက်ကျွက်ကိုညံသွားခဲ့ပါလေရဲ့။ ကြောင်မကြီး မြီးတိုက နာမည်နဲ့လိုက်ဖက်စွာ နည်းနည်းကလေးတိုနေတဲ့ သူ့အမြီးကို ဟိုယမ်း သည်ယမ်းပေါ့။

“ပြောလေ အဆွေတို့ နာမည်တွေ”

mgyoe.com

mgyoe.com


မြီးတိုက အဲသလိုလည်း ဆက်မေးလိုက်ရော တောကြောင်တွေ ငြိမ်ကျသွားလိုက်တာ။ တော်တော့်ကို ကြာသွားတာပါ။ ပြီးမှ တစ်ကောင်က . .။

"တို့ . . . တောကြောင်တွေမှာ နာမည်မရှိဘူး"တဲ့။

ဟုတ်ပါတယ်။ တောကြောင်တွေမှာ နာမည်မရှိပါဘူး။ တောကြောင်တွေသာမက စုံနံ့သာမြိုင်မှာ မှီတင်းနေထိုင်ကြတဲ့ ခြင်္သေ့၊ ဆင်၊ ကျား၊ ခွေး၊ နွား၊ ဒရယ်၊ ယုန်ငယ်၊ ချေ၊ ဆတ်၊ အဘယ်တိရစ္ဆာန်က နာမည်ပေးတတ်ကြမှာတဲ့လဲ။ ကျေးငှက်သာရကာ ငှက်ပေါင်းများစွာမှာ နာမည်မရှိ။ ရေမှာပျော်ပါး အရွယ်ရွယ် အစားစားသော ငါးတို့မှာလည်း နာမည်မရှိ။

"လူတွေမှာက နာမည်ရှိတယ်ဟဲ့ . . .၊ လူတွေက သူတို့သာမကဘူး၊ သူတို့မွေးထားတဲ့ တိရစ္ဆာန်တွေကိုပါ နာမည်ပေးထားကြတာ"

အမြီးကလေး နည်းနည်းတိုတာကြောင့် မြီးတိုလို့တွင်နေတဲ့ ကြောင်မကြီးက သူလာခဲ့တဲ့ လူ့ရွာအကြောင်းကို သို့ကလို အနို့လိုကစလို့ ဖြည်းဖြည်းချင်း ရှင်းပြလိုက်တဲ့အခါ စုံနံ့သာမြိုင်တောကြီးထဲမှာ နာမည်ဆိုတဲ့ အကြောင်းအရာဟာ တောမီးပမာ ပျံ့နှံ့သွားပါတော့တယ်။

## (၂)

ဂုတ်ကျားတဲ့။ ဝိုင်းလုံးတဲ့။ ဘလက်ကီ (Blacky)တဲ့။ ဂျနီဖာ (Jennifer)တဲ့။ စုတ်ဖွားတဲ့။ ခွေးနာမည်တွေ။

မိဖြူတဲ့။ ရွှေဝါတဲ့။ ကစ်ကစ်တဲ့။ ယွန်းမီတဲ့။ ကြောင်နာမည်တွေ။

ကြာဖြူတဲ့။ အေဝမ်းကြည်တဲ့။ ရွှေမန်းမေတဲ့။ တိုးမောင်တဲ့။ ရွှေတိုးတဲ့။ ငွေတိုးတဲ့။ နွားနာမည်တွေ၊ ကျွဲနာမည်တွေ။

ရွှေနီတဲ့။ ပျံလွှားတဲ့။ ဂျက်ကီ (Jackie)တဲ့။ တိမ်ယံတဲ့။ မြင်းနာမည်တွေ။

မိုမိုဆိုတာကတော့ ဆင်နာမည်ပဲပေါ့။

လူတွေဟာ သူတို့နဲ့အတူနေတဲ့ တိရစ္ဆာန်တွေကို နာမည်ပေးကြပါတယ်။ လူတွေကိုယ်တိုင်ကလည်း နာမည်တွေနဲ့ပါ။

ဒါကို လူ့ရွာကနေ တိရစ္ဆာန်တွေနေတဲ့ တောထဲကိုရောက်လာတဲ့ ကြောင်မကြီး မြီးတိုက ခရေစေ့တွင်းကျ ရှင်းပြလိုက်တဲ့အခါကျတော့

mgyoe.com

mgyoe.com


အကောင်မှန်သမျှ နာမည်ပေးချင်ကြတယ် ဖြစ်ကုန်ကြပါလေရော။ ဒါနဲ့ အခုတလော လူတွေပေးနေကြတဲ့နာမည်တွေကတော့ ဒါမျိုးတွေပဲလို့ ဆိုကာ မြီးတိုက နာမည်လှလှဆန်းဆန်း တချို့ကို ရွတ်ပြရှာပါတယ်။

ဃဲသြ၊ သုမ်ည၊ ဗဲဗဲ၊ ဠားရာ၊ အဏိတ်စ၊ သွဲ့ယိမ်းသိုက်၊ မွေညီလျာ၊ လွေ့ရာ၊ ရာဇူသုဝဏ်၊ လျှံရေဆက်ပိုက်၊ အိမ်ဇာမူး၊ နည်ဇာ၊ ရွှေးရိပ်၊ တိမ်း မူးယံ၊ ပိုက်ပိုက်သျှိ . . . စသည် စသည်။

"နာမည်တွေကတော့ အပျံစားတွေပါလား မြီးတိုရ . . . အနို့ဘဇာ အဓိပ္ပာယ်တွေတဲ့တုံး"

"အဓိပ္ပာယ် . . . ဟုတ်စ အဓိပ္ပာယ်တော့ ဘယ်သိပါ့မတုံး"

တိရစ္ဆာန်ကလေးတွေ နည်းနည်းတော့ ငိုင်ကျသွားကြတာ အမှန်ပါ။ ဘာအဓိပ္ပာယ်မှန်းမသိတဲ့ နာမည်တွေလို့ ဆိုတာကိုး။

## (၃)

နာမည်ဆိုတာ ခေါ်လို့လွယ်အောင် ပေးရတာလို့ ဆိုပါတယ်။ ဆိုကြပါစို့ Stefani Germanotta ဆိုတာကြီး။ အဲသည့်မိန်းကလေးက အဲသည့် နာမည်ကြီးကို မသုံးဘဲ လေဒီဂါဂါ (Lady Gaga) လို့ လုပ်လိုက်တဲ့အခါ ကျတော့ ခေါ်ရတာ လွယ်မသွားပါလား။

အနို့သော် အထက်တစ်နေရာမှာ ဖော်ပြခဲ့သလို မြီးတိုပြောပြတဲ့ နာမည်တွေကကျတော့ ခေါ်ဖို့ ခက်လိုက်တာ။ ဘာအဓိပ္ပာယ်မှန်းလည်း မသိ။ သို့သော် လှလှဆန်းဆန်း ကလေးတွေတော့ ဖြစ်သဗျ။ တိရစ္ဆာန်တွေ က အဲသည့်နာမည်မျိုးတွေ သဘောကျကုန်ကြတာ။

ဥပမာ – နွားကြီး ဃဲသြ။ ကျွဲကြီး သုမ်ည။ တောင်ဆိတ်ကလေး ဗဲဗဲ။ ဆင်ကြီး အဏိတ်စ။ သမင်မကလေး မွေညီလျာ။ ဒေါင်းမကလေး ရာဇူသုဝဏ်။ နာမည်တွေ . . . နာမည်တွေ။

ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ဘုတ်အုပ်ကြီးထဲမှာ "နာမည်ကောင်း ရွေးသူအကြောင်း"ဆိုတဲ့ ဇာတ်ဝတ္ထုတစ်ပုဒ်ပါသဗျ။ ကေ နိပါတ်မှာပါ တဲ့ "နာမသိဒ္ဓိ"ဆိုတဲ့ ဝတ္ထုပေါ့။ ရှာစဉ်လှည့်ပြီး နာမည်ကောင်းလိုက်ရှာ တဲ့ လုလင်ဟာ သေက်ရှည်လို့ဆိုတဲ့သူ သေတာကို တွေ့ခဲ့ရ၊ ဓနရီးလို့ဆို

mgyoe.com

mgyoe.com


တဲ့သူ လမ်းမှားနေတာကို တွေ့ခဲ့ရ၊ သူဌေးမလို့ဆိုတဲ့သူ ကျွန်ခံနေတာကို တွေ့ခဲ့ရတာကြောင့် နာမည်ဆိုတာ ပညတ်ပါဆိုပြီး သဘောပေါက်သွားတဲ့ ဇာတ်ဝတ္ထုပါ။

သို့သော် သူ့ဘာသာသူ ပညတ်ချင် ပညတ်၊ မပညတ်ချင်နေ၊ စုံနံ့သာမြိုင်က တိရစ္ဆာန်တွေကတော့ ကြောင်မကြီးမြီးတိုပြောပြတဲ့ လူ့ရပ်လူ့ရွာမှာ လူရော တိရစ္ဆာန်ပါ နာမည်လေးတွေ မှည့်တတ်ကြပုံကို သဘောကျပြီး တစ်တောလုံး နာမည်မှည့်ဖို့ ဖြစ်ကုန်ကြပါပြီ။

"အဓိပ္ပာယ်ရှိချင်ရှိ၊ မရှိချင်နေ . . . နာမည်ရှိတာ ကောင်းပါတယ်။ အဲ . . . နာမည်တော့ မပျက်စေနဲ့"

ဂျက်က အဲသလို အကြံပေးတဲ့အခါ တိရစ္ဆာန်ကလေးတွေက မျက်စိကလေးတွေနဲ့ ဝိုင်းကြည့်ကြသဗျ။ နာမည်ပျက်တယ်ဆိုတာကို တိရစ္ဆာန်တွေက နားလည်ပုံမရပါဘူး။

"ဒေဝဒတ်တို့ . . . ဟစ်တလာတို့ မူဆိုလိုနီတို့ အဲသည့်နာမည်မျိုးတွေကို နာမည်ပျက်တယ်လို့ ခေါ်တယ် . . .၊ ဘယ်သူကမှ ထပ်မမှည့်ချင်ကြတော့ဘူး။ လူတွေဟာ သူတို့ချစ်တဲ့ တိရစ္ဆာန်တွေကိုတောင် အဲသည့်နာမည်မျိုးတွေ ပေးလေ့မရှိကြဘူး"

ဟုတ်တယ်လေ။ ကိုယ်ချစ်တဲ့ တိရစ္ဆာန်ကလေးတွေကို ကိုယ်ကြိုက်တဲ့ မင်းသမီး၊ မင်းသား၊ အဆိုတော်၊ ဇာတ်မင်းသားတွေရဲ့ နာမည်တွေပဲ ချစ်စနိုးပေးလေ့ရှိကြတဲ့ဥစ္စာ။ ဟစ်တလာလို့ပေးပါ့မလား။ ဒေဝဒတ်လို့ ပေးပါ့မလား။ မူဆိုလိုနီလို့ပေးပါ့မလား။ ဂျက်ရဲ့စကားကို ထောက်ခံရင်းနဲ့ ကြောင်မကြီး မြီးတိုက သေသေချာချာ ဆက်ရှင်းပြလိုက်တဲ့အခါ စုံနံ့သာမြိုင်က တိရစ္ဆာန်တွေ သဘောပေါက်သွားကြပုံရပါတယ်။

ဩော် . . . စုံနံ့သာမြိုင်က တိရစ္ဆာန်တွေ လောကမှာတောင် မမှည့်ခေါ်ချင်တဲ့ လူနာမည်တွေ ရှိနေပါ့ကလား။ မြီးတိုဆိုတာကမှ ကျက်သရေရှိသေး။


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

(၁)

ဒေါက်တာဂုတ်ကျားနဲ့ ဒေါက်တာစုတ်ဖွားတို့ပါလား ဘယ်လဲဗျ"

"လက်ခုပ်ပင်ကြီးအောက် ခဏသွားကြမလို့ပါဗျာ။ အနို့ဒေါက်တာမိုးမှောင်ကကော"

တောခွေးသုံးကောင် တောလမ်းတစ်ခုမှာ ဖြတ်သွားဖြတ်လာတွေ့ကြ ဆုံကြတုန်း နှုတ်ခွန်းဆက်လိုက်ကြတဲ့အသံပါ။ နှစ်ကောင်က တစ်ဖက်၊ တစ်ကောင်တည်းကတစ်ဖက်။ ဂုတ်ကျားနဲ့ စုတ်ဖွားက နှစ်ကောင်ဘက်က။ မိုးမှောင်က တစ်ကောင်တည်းဘက်က။ တစ်ကောင်ရဲ့နာမည်ကို တစ်ကောင်က လှမ်းခေါ်ကြတဲ့အခါ ရိုးရိုးနာမည်တွေမဟုတ်တော့ဘဲနဲ့ ဒေါက်တာဆိုပြီး ဝိသေသပြုလို့ ခေါ်ဆိုကြတာကို သတိထားမိလိုက်သဗျ။ ဘယ်အချိန်က ဘယ်လိုလုပ်ကာ အဘယ်ဆရာတွေနဲ့ အဘယ်ပညာတွေကို လေ့လာလိုက်စားခဲ့လေတယ် မသိ။ ခွေးသုံးကောင် ရင်ဆိုင်စကားပြောပုံကို ကြားလိုက်ရတာကို ထောက်ချင့်ကြည့်ရုံနဲ့ ဒေါက်တာဘွဲ့တော့ရပြီးကြပြီလို့ ကောက်ချက်ချမိပါလေရဲ့။ တိရစ္ဆာန်တွေ စုဝေးနေထိုင်ကြရာ စုံနံ့သာမြိုင်တောကြီးထဲမှာ အဘယ်မည် သောကာလကများ ပီအိပ်ချ်ဒီပရိုဂရမ် (PhD program) တွေကို ဖုတ်ပူမီးတိုက်ဆွဲပြီး ဒေါက်တာပွဲကြီးကို ဆင်နွှဲခဲ့လေတယ်မသိ။

တောယမ်းကလေးအတိုင်း ဆက်လျှောက်လာလိုက်တဲ့အခါ တစ်နေရာရောက်ပြန်တော့ နွားမကြီးတစ်ကောင်းရဲ့ အသံနဲ့ တည့်တည့်တိုးပြန်လေသဗျ။ နွားမကြီးက သူ့သား နွားပေါက်စကလေးကို တစ်ခုခုကို ခိုင်းနေတဲ့ပုံပါ။

mgyoe.com

mgyoe.com


"မေမေပြောမယ် . . . ဟိုး အရှေ့ဘက် တောစပ်နားက ညောင်မုတ်ဆိတ်ပင်ကြီးကို သားသိတယ်မဟုတ်လား။ အဲသည့်မှာ ဒေါက်တာကြာဖြူဆိုတဲ့ နွားမကြီး တစ်ကောင်ရှိတယ်။ နွားနို့တစ်ပုလင်း ခဏချေးလိုက်ပါလို့ ပြော ဟုတ်ပလား . . . မနက်ဖြန်ခါ မေမေ ပြန်ဆပ်မယ်လို့။ အညာကုက္ကိုပင်ကြီးအောက်က ဒေါက်တာနှာတိုဆိုရင် မေမေ့ကို သူသိတယ်"

နွားကလေးက သူ့အမေ နွားမကြီး ဒေါက်တာနှာတိုစကားဆုံးတဲ့အခါ ဘွတ်အဲဆိုတဲ့အသံနဲ့ နာခံတော်မူပြီးတဲ့သကာလ အမြီးကလေးကို လေထဲမှာတန်းထားပြီးတဲ့အခါ ကဆုန်ပေါက်လို့ ခုန်မြောက်ကာပြေးထွက်သွားခဲ့ပါလေသဗျ။

## (၂)

"အနို့ . . . အဆွေမြေခွေးရေ၊ စုံနံ့သာမြိုင်မှာ ပီအိပ်ချ်ဒီဆိုပြီး အစီအစဉ်တလွဲတွေကို မပီမပြင်ဆွဲပြီးတဲ့သကာလ ရင်မှာ မအေးချမ်းရတဲ့ ပညာရေးလမ်းကြောင်းကြီး ဖောက်နေရတဲ့အကြောင်းကလေးများရှိခဲ့ရင် လင်းပါလေဦး ခင်ဗျ"

အဲဒါ ဂျက်ကွမ်းခြံကုန်းရဲ့ မေးခွန်းစကားပါ။

"အပိုမလုပ်ဘဲနဲ့ အတိုချုပ်ပြောရရင် လူသားတွေကို အူယားလို့ခင်ဗျ"

အို . . . ဘယ့်နှယ်လူသားတွေကိုပဲ အူယားရပြန်လေသတဲ့။ လူတွေက သက်ဆိုင်ရာဘာသာရပ် နယ်ပယ်တစ်ခုခုမှာ ရှုးရှုးမိုက်မိုက်နဲ့ စူးစိုက်ကာ အာရုံဝင်စားနှစ်မြှုပ်ထားပြီးတဲ့သကာလ အသစ်တွေ့ရှိချက်တစ်ခုခုကို လူ့လောက အကျိုးအတွက် အသုံးချရန်အလို့ငှာ တွေးခေါ်မြော်မြင်ဖော်ထုတ်တာကြောင့် ဒေါက်တာ အော့ဖ် ဖီလော်ဆော်ဖီ (Doctor of Philosophy) ဆိုပြီး ဘွဲ့ဒီဂရီ အပ်နှင်း ချီးမြှင့်လေတဲ့ဥစ္စာ။ တိရစ္ဆာန်တွေက အူယားရပြန်လေသတဲ့။

"ငါတို့တိရစ္ဆာန်တွေလည်း ပီအိပ်ချ်ဒီလုပ်နိုင်ပါတယ်ကွလို့ လုပ်ပြချင်တာပါ။ မခံချင်လွန်းလို့"တဲ့။

အဲသဟာ တောကို ဦးဆောင်နေသူ မြေခွေးရဲ့ အယူအဆပါ။

နွားမကြီးကြာဖြူက လယ်တစ်ကွက်မှာ မြက်ဘယ်နှပင်ရှိသနည်းဆို

mgyoe.com

mgyoe.com


တဲ့ ကျမ်းဘုတ်အုပ်နဲ့ ဒေါက်တာဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါလေသတဲ့။ နွားမကြီးနှာတိုကကျတော့ စုံနံ့သာမြိုင်၌ နှစ်စဥ်နွားချေးထွက်ရှိမှု အညွန်းကိန်းဆိုတဲ့ ကျမ်းဘုတ်အုပ်နဲ့ ဒေါက်တာ၊ ဂုတ်ကျားဆိုတဲ့ခွေးက ခွေးများအဘယ့်ကြောင့် အူသနည်းကျမ်းဘုတ်အုပ်နဲ့ ဒေါက်တာ၊ စုတ်ဖွားဆိုတဲ့ ခွေးက ခွေးနဲ့လူသားဆိုတဲ့ ကျမ်းဘုတ်အုပ်နဲ့ ဒေါက်တာ၊ မိုးမှောင်ဆိုတဲ့ ခွေးက အမြီးနှန့်ရခြင်းအကြောင်းရင်းများကျမ်းဘုတ်အုပ်နဲ့ဒေါက်တာ။ ခုန်အုပ်နည်းအမျိုးမျိုးနဲ့ ဒေါက်တာဖြစ်တဲ့ ကျား၊ အောက်အီအီးအွတ်ရဲ့ အနှစ်သာရနဲ့ ဒေါက်တာဖြစ်တဲ့ တောကြက်ဖ၊ မျောက်နဲ့လူသား တူပုံများနဲ့ ဒေါက်တာဖြစ်တဲ့ မျောက်၊ သစ်ဆွဲနည်းအမျိုးမျိုးနဲ့ ဒေါက်တာဖြစ်တဲ့ဆင်၊ ရေငုပ်နည်းပေါင်းချုပ်နဲ့ ဒေါက်တာဖြစ်တဲ့ဖျံ၊ အို . . . တစ်တောလုံးရှိရှိသမျှ၊ နာမည်ရှေ့မှာ ဒေါက်တာတွေတပ်ကုန်ကြသဗျ။

## (၃)

တစ်ရက် ဦးသျှောင်မြေခွေးအပါအဝင် ကြက်တူရွေးငှက်ကြီးရယ်၊ သာလိကာကြီးရယ်၊ ဇီးကွက်ကြီးရယ်၊ ဂျက်ရယ် စကားထိုင်ပြောနေဖြစ်ကြရင်းနဲ့ ဒေါက်တာဖြစ်ကုန်ကြတဲ့ တိရစ္ဆာန်လောကကြီး အကြောင်းဘက်ဆီကို စကားဝိုင်းက ခြေဦးလှည့်သွားမိသဗျ။

"ဂျက်ရေ . . . အဆွေတို့ လူတွေဆီမှာ ကျုပ်တို့လောက် ဒေါက်တာများပုံမရဘူးထင်တယ်" တဲ့။

"ဟုတ်ပ အဆွေမြေခွေးရယ်။ တချို့တွေက ဒေါက်တာဆိုတာကိုတောင် နာမည်ရှေ့မှာ မတပ်လိုကြဘူးခင်ဗျ"

ဂျက်က အဲသလိုပြောပြီးတဲ့အခါ ပိုလင်းသွားဖို့ရာ အတိုကလေးရှင်းပြရပါလေသဗျ။ သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းက သူ့ကိုယ်သူဘယ်တော့မှ ဒေါက်တာလို့ မရည်ညွှန်းကြောင်း၊ မြန်မာစာပေပညာရှင်ကြီးဒေါက်တာလှဘေကလည်း ဒေါက်တာဆိုတဲ့အရာကို သူနဲ့ သက်ဆိုင်တဲ့လုပ်ငန်းခွင်မှာသာ သုံးပြီး မဆိုင်တဲ့နေရာတွေမှာ သုံးတာဟာ အလွန်ရယ်စရာကောင်းတယ်လို့ ရေးသားခဲ့ဖူးကြောင်း၊ လယ်တီဆရာတော်ဘုရားဟာဂုဏ်ထူးဆောင်ချီးမြှင့်ခဲ့တဲ့ ဒေါက်တာဘွဲ့ကို ဘယ်သောအခါကမှ ထည့်

mgyoe.com

mgyoe.com


မသုံးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်နခါမှန်းမသိလောက်အောင် ကမ္ဘာ့ပညာရပ်အသိုင်းအဝိုင်းက ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့တွေအပေါ်မှာ နကမ္ဗတိ တုန်လှုပ်မှုမရှိကြောင်း၊ ဒေါက်တာပပဝတီအတွက် ရှောက်သီးသုပ်တစ်ပွဲဆိုတာမျိုး။ ဒေါက်တာကုသအတွက် စည်ဘီယာတစ်ခွက်ဆိုတာမျိုး၊ ဒေါက်တာဝဏ္ဏပဘာတို့ မိသားစုက အလှူတော်ငွေ ငါးကျပ်ဆိုတာမျိုး လုပ်သည်မှာ ရယ်ရွှင်ဖွယ်သာဖြစ်ကြောင်း ပြောပြလိုက်မိပါသဗျ။

"ဘာပဲဖြစ်ဖြစ် ဒေါက်တာများတဲ့တောကို လူတွေရှိန်ပါတယ်ဗျ"

မြေခွေးနဲ့ သူ့ရောင်းရင်းတွေက မလျှော့ဘဲနဲ့ ဆက်ပြောနေခဲ့တာပါ။

"ကဲ . . . တစ်ခုမေးမယ်။ အဆွေမြေခွေးတို့တောမှာ ဒေါက်တာတွေများလာပြီးတော့ ဘာတွေပိုထူးသွားသလဲ။ အဲဒါလေး ပြောပြစမ်းပါ"

"ဩော် . . . ခက်ကပြီ။ အဲဒါတော့ ဘဇာထူးမှာတုံး ဆရာဂျက်ရယ်။ ခွေးကလည်းပြာပုံထဲမှာ အိပ်မြဲ၊ ကျွဲကလည်းရွှံ့အိုင်ထဲမှာ လူးမြဲ၊ နွားကလည်း အိုင်ထဲကရေကို သောက်မြဲ၊ တွေ့တဲ့နေရာ မစင်စွန့်၊ ကြီးတဲ့အကောင်က ငယ်တဲ့အကောင်ကို အနိုင်ကျင့်။ အဲဒါ တောသဘာဝပဲဥစ္စာ" တဲ့။

မှန်ပါတယ်။ တိရစ္ဆာန်လောက တိရစ္ဆာန်သဘာဝပဲ နေကြမှာပေါ့။ အဲသဟာ ဘယ့်နှာကြောင့် လူတွေကို တုပကာ နာမည်ရှေ့မှာ ဒေါက်တာတပ်ချင်ကြရတာပါလိမ့်။ တစ်ကောင်နဲ့တစ်ကောင်တွေ့တဲ့အခါ နာမည်ရှေ့မှာ ဒေါက်တာထည့်ခေါ်တာလေးကိုပဲ လျှာအရသာခံနေတဲ့တောကြီးထဲမှာ ခေတ်ကာလအလိုက် အနှစ်သာရကို မထည့်နိုင်ဘဲနဲ့ကဖြင့် နာမည်လှိုင်းကြီးတွေက ဘယ့်နှာသို့ အဟုန်ပြင်းပြင်း၊ တိရစ္ဆာန်ကမ္ဘာက ဒုံရင်းဒုံရင်းပဲ မဟုတ်ပါလား။ သပ္ပုရိသအနွယ်ဝင် သူတော်စင် စာရှုသူ။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

(၁)

စိန်ခေါ်တဲ့သဘောလား၊ သို့တည်းမဟုတ် ရိုးရိုးတန်းတန်းနှိုင်းနှိုင်း ယှဉ်ယှဉ်နဲ့ စေ့ငုချင်တဲ့ သဘောလား၊ အဲသဟာကိုတော့ သူ့ဝမ်းထဲမှာ ဘယ့်နှာသို့ ရှိအံ့ဆိုတာ မမှန်းဆနိုင်တဲ့အတွက် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း က အဘယ်မှာ ပြောနိုင်ပါ့မတုံးဗျာ။ မြေခွေးခင်ဗျ။ သူက ဂျက်ကိုမေးတာ။ တစ်ကောင်တည်းတော့ ဘယ်ဟုတ်ပါ့မလဲ။ သူ့ နောက်လိုက်နောက်ပါ လေးငါးကောင်ကတော့ ထုံးစံအတိုင်းအနားမှာ ရှိနေကြတာပေါ့။ ခင်ဗျား တို့သိပါတယ်။ ဝံပုလွေရယ်၊ ကျားသစ်ရယ်၊ ခြသေ့ရယ်၊ ကျားရယ်၊ ဆင် ရယ်။

'လူ့ရပ်လူ့ရွာနဲ့ တိရစ္ဆာန်ရပ် တိရစ္ဆာန်ရွာ ဘဇာကတန်ဖိုးရှိသတုံးဗျ' တဲ့။

အဲသဟာ မြေခွေးရဲ့ မေးခွန်းပါပဲ။ စိန်ခေါ်တာလား၊ နှိုင်းယှဉ်သိချင် လို့ ရိုးရိုးမေးတာလား။ မသိတတ်နိုင်ဘူးပေါ့။

'လွယ်လွယ်ပြောဖို့ကဖြင့် ခက်ပေလိမ့်မပေါ့။ အဆွေတော် မြေခွေး ရေ အနို့ပင်ဖြစ်လင့်ကစား တန်ဖိုးရှိသောအဆွေရဲ့ စုံနံ့သာမြိုင်တောကြီး ကိုဖြင့် ကျွန်ုပ်ကို မိတ်ဆက်ပေးသင့်ပါရဲ့'

အဟုတ်တဲ့။ ထုံးစံအတိုင်း မြေခွေးရဲ့ ရယ်သွမ်းသွေးလိုက်တဲ့အသံက မေ့မေ့ပျောက်ပျောက် မဖြစ်နိုင်စရာ သွေ့သွေ့ခြောက်ခြောက်ကြီးပါ။ အဖိုး ကြီးတဲ့တောကို စလိုးလီး (slowly)သဘောနဲ့ လိုက်ပြပေဦးမှဆိုတဲ့ နိမိတ် သဏ္ဍာန်အကွက်ကလေးတွေနဲ့ တိရစ္ဆာန်မျက်နှာပေးရယ်ပါ။

'အဆင်သင့်မှဖြင့် သင်နှင့် ကျွန်ုပ်တို့တောလုံးပတ်လည်ခြေဆန့်ကာ

mgyoe.com

mgyoe.com


စုံနံ့သာမြိုင်ရဲ့ အဖိုးထိုက်တန်ပုံတွေကို ရှုစားကြစို့လား ဂျက်ဆရာ'

မြေခွေးနဲ့ သူ့ရောင်းရင်းများက စုံနံ့သာမြိုင်ထဲက သူတို့တန်ဖိုးထားရာ အရာတွေကို ပြသလိုပါကြောင်း စိတ်မာန်တကြွကြွနဲ့ ဖိတ်မန္တကပြုလာခဲ့တာပါ။ ဘာရမလဲ။ ဂျက်ဆရာကလည်း ရက်ဆာ (yes, sir) ပဲပေါ့။

(၂)

မျက်စိထဲမှာမြင်သာအောင် ပြောရရင် ဂျက်နဲ့ ဦးသျှောင်မြေခွေးနဲ့က ယှဉ်လျှက်ခင်ဗျ။ ဟိုကျန်တဲ့ တောခေါင်းဆောင်တိရစ္ဆာန်တွေက အနောက်နားက ကပ်လိုက်လာတာပါ။ စုံနံ့သာမြိုင်က တိရစ္ဆာန်တွေ ဘာဓာကို တန်ဖိုးထားကြသလဲဆိုတာကို ရှုစားဖို့ရာပေါ့။

အသို့နဲ့ ဖြည်းဖြည်းချင်းဆိုသလို ဒေးဒေးရင်းလျှောက်လာလိုက်ခဲ့ကြတာ တစ်နေရာရောက်တော့ တွေ့ပါပြီ။ သွေးသံတရဲရဲနဲ့ သားကောင်တစ်ကောင်။ ချေလား ဆတ်လား မကွဲပြားပါဘူး။ အသက်မှမရှိတော့တဲ့ဟာကလား။ ဝံပုလွေတစ်ကောင်က ဝင်ဆွဲလိုက်၊ ကျားက မာန်ဖီလိုက်။ ဝံပုလွေက ဆုတ်ပြေးသွားလိုက်၊ ကျားက စားနေလိုက်။ ကြားဖြတ်ဆိုသလို ဆင်းဆင်းပြီးသုတ်တဲ့ ငှက်တစ်အုပ်ကလည်း အကောင်နှစ်ဆယ်ထက် မလျော့ဘူး။

'တွေ့လား ဆရာကြီးဂျက်၊ ချေသားလတ်လတ်ဆတ်ဆတ်၊ ဆတ်သား လတ်လတ်ဆတ်ဆတ်၊ ဒရယ်သား လတ်လတ်ဆတ်ဆတ် အဲသဟာ တိရစ္ဆာန်တွေ တန်ဖိုးထားတဲ့အရာပေါ့ စားလို့ရတယ်လေ'

မြေခွေးက ခပ်ကြွားကြွားကလေးပြောတဲ့အခါ သူ့တိရစ္ဆာန်တွေက တစ်တပ်တစ်အားဆိုသလို ပါဝင်ခေါင်းညိတ်ကြသဗျာ။

ဆက်လျှောက်လာတော့ ဝက်ဝံကြီးတစ်ကောင်။ မိုးတိုးမတ်တတ်နဲ့။ ဩော် . . . မဟော်ဂနီပင်ကြီးရဲ့ အောက်နားဆီကကိုင်းမှာစွဲနေတဲ့ပျားအုံကြီးကို လှမ်းဆွဲနေတာကိုး။ သွားရည်တမျှားမျှားနဲ့။

'ပျားရည်စစ်စစ်၊ အဲဒါတောမှာ တန်ဖိုးထားတဲ့ဥစ္စာပဲပေါ့'

တောတစ်အုပ်ရှိရာဆီရောက်တော့ တိရစ္ဆာန်တွေမှ အကြီးအသေး အစုံ။ ဆင်လိုအကောင်တွေလည်းပါ။ မျောက်လိုအကောင်တွေလည်းပါ။

mgyoe.com

mgyoe.com

ငှက်ပျောတော၊ ကြံတော၊ သရက်တော၊ ပိန္နဲတော။ ရှဉ့်ကလေးတစ်ကောင်က မာလကာသီးတစ်လုံးကို မနိုင်မနင်းကိုင်လို့။ ယုန်ကလေးတစ်ကောင်က ကန်စွန်းတစ်ညွန့်ကိုကိုက်လို့။ နောက်ယုန်တစ်ကောင်က မုန်လာဥကြီး ထမ်းလို့။

'သစ်သီးဝလံတွေက ပေါမှပေါ။ အဲဒါ တောရဲ့ တန်ဖိုးပေပ'

တစ်နေရာရောက်တော့ သမင်တစ်အုပ်က မြေကြီးကို လျှာနဲ့လျက်နေ။ တစ်နေရာရောက်တော့ နွားတစ်အုပ်က ချောင်းစပ်မှာ ရေသောက်ဆင်းနေ။

'စားဖို့ရာ အသီး၊ ဝါးဖို့ရာ အသား၊ သောက်ဖို့ရာ ရေ။ အဲဒါ တောမှာ တန်ဖိုးထားတာတွေပေါ့ ဂျက်ဆရာရဲ့'

မြေခွေးက အဲသည့်လိုလည်း ပြောပြီးရော အဟတ် အဟတ်နဲ့ နှစ်ထပ်ဆင့်ရယ်ပြီးတဲ့အခါ ဂျက်ကို ဆက်မေးပါတယ်။ လူ့ရပ်လူ့ရွာမှာ အဲသလိုတန်ဖိုးထားတာတွေ ရှိလို့လားတဲ့။

'လိုက်ခဲ့ ပြမယ်'

အဲဒါ ဂျက်ပြောခဲ့တဲ့ အတိုဆုံးစကားပါ။

## (၃)

ဂျက် မြေခွေးနဲ့ သူ့အဖွဲ့ကို လူ့ရပ်လူ့ရွာတစ်နေရာကိုခေါ်လာပြီးတဲ့သကာလ လူငယ်ကလေးတစ်ယောက်ကိုတွေ့တော့ အဲသည့်လူငယ်ရဲ့ ရင်ဘတ်ပေါ်က ဓာတ်ပုံရင်ထိုးကလေးကို လက်ညှိုးထိုးပြလိုက်ပါတယ်။

'အဲသဟာ ဘယ်သူတုံးဗျ'

'ဗိုလ်ချုပ်အောင်ဆန်းပေါ့'

အိမ်တစ်အိမ်ကိုရောက်သွားတဲ့အခါ ဧည့်ခန်းတစ်နေရာက စင်မြင့်ပေါ်မှာတင်ထားတဲ့ ပန်းပုကလေးတစ်ခုကို ပြလိုက်မိပြန်ပါတယ်။ ကိုယ်တစ်ပိုင်းရုပ်တုကလေး။ ခေါင်းပေါင်းနဲ့။ တိုက်ပုံနဲ့။ အဘိုးအရွယ်။

'လုပ်ပါဦး ဘယ်သူလဲဆိုတာ'

'သခင်ကိုယ်တော်မှိုင်း တဲ့'

မြေခွေးနဲ့အဖွဲ့က အချိန်နည်းနည်းရတယ်လို့ဆိုတာကြောင့် ဂျက်လည်း ဗိုယက်နမ်ဘက်ကို ခြေဦးလှည့်ဖြစ်ခဲ့ပြန်ပါတယ်။ ဆေးစိမ်ထားတဲ့

mgyoe.com

mgyoe.com


အလောင်းကိုပြပြီး ပြောဖြစ်ခဲ့ပြန်ပါရော။

'အဲသဟာ ဟိုချီမင်း'

အိန္ဒိယဘက်ကိုဝင်သွားမိပြန်တော့ ဇရာမဓာတ်ပုံကြီးတစ်ပုံရှေ့ရပ်ကာ ပြမိခဲ့ပြန်ပါပေါ့။

'မဟတ္တမဂန္ဒီပါ'

ပိုက်ဆံကလေးနည်းနည်းပိုနေတာကြောင့် ဂျက်နဲ့တိရစ္ဆာန်တစ်စုတို့ဟာ တောင်အာဖရိကကို ရောက်သွားပြန်ပါလေရော။ ဇရာမရုပ်တုကြီး။ နယ်လ်ဆင်မင်ဒဲလားတဲ့။ အမေရိကကိုဆက်။ အေဗရာဟင်လင်ကွန်း။

'အနို့ နေဦးဆရာကြီးဂျက်ရဲ့ လူတွေက အဲသဟာတွေကို တန်ဖိုးထားတယ်ဆိုတော့ ယင်း ၎င်းလူကြီးတွေက စားလို့ရလို့လားဗျာ'

'ဟုတ်တယ်၊ ခင်ဗျားမေးထိုက်တယ်။ စားလို့လည်းမရဘူး။ ဝါးလို့လည်းမရဘူး။ ဘာမှလုပ်မရဘူး။ ဒါပေမဲ့ လူတွေက အဲဒါမျိုးတွေကို တန်ဖိုးပိုထားကြတယ်ဗျာ။ ချစ်တယ်၊ ကြည်ညိုတယ်၊ လေးစားတယ်၊ အားကျတယ်၊ အတုယူတယ်။ ဒါနဲ့ အဆွေတို့ စုံနံ့သာမြိုင်မှာရော အဲဒါမျိုးတန်ဖိုးထားရတဲ့အရာတွေ ရှိလား'

မြေခွေးရော၊ သူ့နားက တိရစ္ဆာန်တွေရော ဇွေဇွေစောင်းစောင်းကြီးခင်ဗျ။ ဂျက်ကိုကြည့်နေကြတာ။

'ဒါတော့ အဆွေလည်း သိသားနဲ့ ဆရာဂျက်ရာ၊ တောကို အဆွေကြည့်ခဲ့ပြီးသားဥစ္စာ ကျုပ်တို့ကတော့ သုံးလို့ရတဲ့ဟာ တန်ဖိုးထားတာပဲ'

တိရစ္ဆာန်အဖွဲ့တောကိုပြန်မယ့်နေ့က အမေ့ဓာတ်ပုံကလေး ဂျက်က အလွမ်းပြေကြည့်နေတဲ့အခါ သူတို့နားလည်ကြပုံမရဘူး။ မစားရ မသောက်ရ ဘာလုပ်နေတာလဲဆိုတဲ့သဘောပေါ့။ ပန်းချီတစ်ချပ်၊ ကဗျာတစ်ပုဒ်၊ ဘုရားတစ်ဆူကိုလည်း သည်အတိုင်းပါပဲ။ လူ့ရွာဟာ စုံနံ့သာမြိုင်လောက်တန်ဖိုးထားစရာတွေ မရှိပါဘူးလို့ ထင်နေတဲ့ပုံမျိုး။ ထားပါလေ။ လူတွေထဲမှာတောင်မှ တိရစ္ဆာန်ပမာ စုံနံ့သာမြိုင်ဆန်နေတဲ့သူတွေက ရှိနေကြတာမဟုတ်လား။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တောကြောင်ကြီးရဲ့ နာမည်ပါ

ကျွမ်းခြေကုန်း




mgyoe.com

mgyoe.com

(၁)

"ဘာကွ ရာဇဝင်ရိုင်းလိုက်လေကွာ" တစ်ခုသော နွေဦးရာသီ။ လက်ပံပွင့်တို့ နွေဦးအဝင်လေရူးစဉ်မှာ ကြွေမြူးချင်တိုင်း ကြွေမြူးနေကြသည့်ကာလ။ ဆက်ရက်ငှက်တွေက သောသောညံညံ တောလုံးလျှံအောင် ဆူညံပွက်ထ တောဂီတနဲ့ ပီပီသသ ကြည်ကြည်မြမြ ဖြစ်နေကြသည့်ကာလ။ တပေါင်းငယ်မှညာကျင်၊ နွေဦးဆန်းသစ်၊ ရွက်ရော်လှစ်လို့၊ ပုရစ်ကယ်ရွှေ၊ ပင်တိုင်းစုကာ၊ နုညိုစုံကြသည့်ကာလ။ စုံနံ့သာမြိုင်ဆိုတဲ့တောကြီးထဲမှာ မင်းမူနေတော်မူတဲ့ မြေခွေးမင်းဟာ တိရစ္ဆာန်တစ်ကောင်ယူလာပေးတဲ့ "လူသားနေ့စဉ်"သတင်းစာကြီးကိုဖတ်ကာ သို့ကလို ကြုံးဝါးလိုက်ခြင်းဖြစ်ပါတယ်ခင်ဗျ။ ဘာကွ ရာဇဝင်ရိုင်းလိုက်လေကွာတဲ့။ ဟုတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါဟာ တောကို နားရွက်တံတွေးဆွတ်လိုက်တာပါပဲ။

ဘလက်လစ်တဲ့။ အင်္ဂလိပ်ဘာသာ ငါ့ဆရာလို့ ဆိုရလောက်အောင် ဒွတ်ဒက်ရှုတ်ရှက်ပိုင်းဆိုင်ရာမှာ တစ်ဖက်ကမ်းခပ် မဟုတ်ချေသော်လည်း ဘလက်လစ်ဆိုတဲ့စကားလုံးအပေါ်မှာတော့ မြေခွေးဆရာ တွက်စစ်တတ်ပေသပေါ့။ ဘလက် (Black) ဆိုတာက အနက်၊ အမည်း။ လစ် (List) ဆိုတာက စာရင်း။ သည်တော့ ခြုံငုံကာ ကဗျာဆရာညဏ်နဲ့ ဘာသာပြန်လိုက်တော့ နာမည်ပျက်၊ နာမည်မည်း၊ နာမည်ဆိုး၊ နာမည်ညစ်၊ နာမည်လိမ်၊ နာမည်ကလိန်၊ နာမည်ရှုပ်၊ နာမည်ပွေ။ အဘယ်ဘက်ကနေ လှည့်ပြီး ငှိုကာဖွင့်ဖွင့် အနိဋ္ဌနာမည်နှင့်ကတော့ ဘယ့်နှာမှ ကျက်သရေမင်္ဂလာ မရှိနိုင်တဲ့ကိစ္စ။

တောကြောင်ခင်ဗျ။ မြေခွေးနဲ့ အလွန်တရာမှကို ခင်မင်ရင်းစွဲရှိတဲ့

mgyoe.com

mgyoe.com


တောကြောင်။ အဲသည့်တောကြောင်ကြီးကို လူတို့ရပ်ရွာဘက်ကနေ ဘလက်လစ် (Black List)လို့ခေါ်တဲ့ နာမည်ပျက်စာရင်းထဲကို ထည့်သွင်းလိုက်လေတယ်ဆိုလား။ အဲသည့်ကိစ္စဖော်ပြထားလေတဲ့ "လူသားနေ့စဉ်" သတင်းစာကို ရှုကာ မြေခွေးမင်းတောယံမှာ ဒေါကန်နေတော်မူတာပါ။

"တောကြောင်ကြီးဆိုတာက ငါ့တပည့် ငါ့ရောင်းရင်း၊ ငါ့မိတ်ဆွေ ငါ့သူငယ်ချင်း အဲသည့်လို တောကောင်ကိုမှ သဘောကြောင် မနောယောင်တွေနဲ့ ဘလက်လစ်ထဲ ထည့်တယ်ဆိုတဲ့အရေးဟာ စုံနံ့သာမြိုင်ကို စော်ကားတာပဲ တုံ့ပြန်ရပေမှာပ"

အင်း . . . သဘောမကြည်သာတဲ့ တောလီဒါ (Leader)ကြီးအခုဖြင့် ဒေါဂိယာသွင်းခဲ့လေပြီထင့်။

(၂)

"ဆရာဂျက် ဘလက်လစ်ဆိုတာက တော်တော်ဆိုးတဲ့ ကိစ္စပါလား ခင်ဗျ"

မြေခွေး အဲသည့်စကားကို မေးတုန်းက မျက်နှာတော် မကြည်သာရှာပါလေဘူး။ လူတွေထဲမှာ သူနဲ့တော်တော့ကို ရင်းနှီးကျွမ်းဝင်တာမို့ အားကိုးတကြီးနဲ့ ဂျက်ကွမ်းခြံကုန်းကို မေးတာပါ။

"ဆိုးပေါ့ အဆွေမြေခွေးရယ်။ လူဟာ နာမည်နဲ့ အသက်ရှင် အလုပ်လုပ်ကိုင်ကြရသမို့ ဥစ္စာနာမည်ပျက်မှဖြင့် ဘယ့်နှာသို့ အသက်ဆက်ရှင်မတုံးဗျာရယ်။ ကိုယ့်သား ကိုယ့်သမီး၊ ကိုယ့်မြေး ကိုယ့်မြစ်၊ တို့အဖေ၊ တို့အဘိုး၊ တို့အမျိုးကို တွက်စစ်တော့ ဘလက်လစ်ထဲမှာ ပါသကွဆိုတာဟာ ဂုဏ်ယူစရာမှ မဟုတ်လေတာဗျာရယ်"

ဂျက်က အဲသလို ပြောပြတဲ့အခါ လူတွေလောကမှာ ဘယ့်နှာသို့ လူတွေဟာ ဘလက်လစ်ထဲပါသလဲဗျာလို့ မြေခွေးက မေးပါတယ်။ အကြမ်းဖက်သမားတွေပါတာပေါ့။ ဝိသမလောဘသမားတွေ ပါတာပေါ့။ ငွေကြေးခဝါချတဲ့သူတွေပါတာပေါ့။ လူသားမျိုးနွယ်အပေါ် ရက်ရက်စက်စက် အပြစ်ကျူးလွန်တဲ့ သူတွေပါတာပေါ့ဆိုပြီး ရှင်းပြတဲ့အခါ မြေခွေးမင်း နည်းနည်းကလေး ဝေဝါးထွေပြားနေပုံရတာကြောင့် လင်းသွားအောင်လို့

mgyoe.com

mgyoe.com


ဆိုကာ ဂျက်က ဥပမာ ဥပမေယျကလေးတွေနဲ့ သာဓကဆောင်ကာ နာမ အမှောင်ကို မီးမောင်းထိုးပြရပါတယ်။

ဟစ်တလာဆိုတဲ့ နာမည်၊ မူဆိုလိုနီဆိုတဲ့ နာမည်၊ ပိုပေါ့ဆိုတဲ့ နာမည်၊ ဒေဝဒတ်ဆိုတဲ့နာမည်၊ အဇာတသတ်ဆိုတဲ့နာမည်၊ ဂဠုန်ဦးစော ဆိုတဲ့ နာမည်ကြားဖူးသလားပေါ့။ မြေခွေးက ခေါင်းညိတ်ပါတယ်။ အဲသည့် နာမည်တွေ ကောင်းသလား၊ မကောင်းသလားပေါ့။ မြေခွေး"တွေ" သွားပါ တယ်။

ဟုတ်တယ်လေ။ တောကြောင်ကို ဘလက်လစ်ထဲ ထည့်တယ်ဆိုတာ မှာလည်း အကြောင်းရင်းခံကဖြင့် ရှိချေသပေါ့။ မေမေကြက်မကြီးကို သာမကဘဲနဲ့ ကြက်ပေါက်စကလေး ဆယ်ကောင်ကိုပါ ရက်ရက်စက်စက် ဝါးစားခဲ့တာ၊ မွေးခါနီး ဖွားခါနီး ယုန်မကြီး မပေါ့မပါးကြီးနဲ့ ကန်စွန်းညွန့် ကလေးတွေ စားနေတုန်း လည်မျိုကနေ ကိုက်ဆွဲသွားခဲ့တာ၊ ပူးကလေး တွေ တန်းစီပြီး ရေသောက်ဆင်းကြတဲ့ အချိန်မှာ တစ်ကောင်မကျန် ကိုက် မျိုစားသောက်ပစ်ခဲ့တာ၊ တစ်ခါ တစ်ခါ လူ့ရပ်၊ လူ့ရွာထဲ နယ်ကျွံဝင်ရောက် ပြီးတဲ့ သကာလ ကြက်ဝင်ဆွဲ၊ ဘဲဝင်ဆွဲဝင်ဝင်လုပ်တာ။ တောကြောင်ကို လူတွေကြည့်မရ၊ ရှုမရ ဖြစ်နေတာကဖြင့် ကြာတော့ ကြာခဲ့ပါပြီ။

အဆိုးဆုံးက တစ်နှစ် နွေခေါင်ခေါင်ကြီးခင်ဗျ။ လ,ကလည်း လမိုက် ညရယ်ပါ။ ဘယ်ကနေ ဘယ်လို စတယ်မသိပါဘူး။ စုံနံ့သာမြိုင်မှာ တော မီးတွေ လောင်ပါလေရော။ တောကြောင်ကြီးက လက်ခမောင်းခတ်သတဲ့ ခင်ဗျ။ မီးထဲမှာ ပြေးလွှားနေရှာတဲ့ သတ္တဝါကလေးတွေကို ကြည့်ကာ တဟားဟား ရယ်သွမ်းသွေးရင်းက ယုန်ကလေးတွေ၊ တောကြက်တွေ၊ တောဘဲတွေ၊ ဆက်ရက်တွေ၊ ငှက်တွေကို တစ်ကောင်ပြီးတစ်ကောင် ဆွဲ ပြေးသွားလိုက်၊ ပြန်လာလိုက်၊ ဆွဲပြေးသွားလိုက်၊ ပြန်လာလိုက်။

ချုံ့ပြီးပြောရရင် တောမီးအလွန်မှာ တောကြောင်တို့ မိသားစုက လူ့ ရွာထဲသွားပြီး သားကောင်မျိုးစုံ အခြောက်အခြမ်းရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်ဆိုတာ သွားဖွင့်တယ်ဆိုလား။ တောကြောင်မကြီး တိရစ္ဆာန်တန် မဲ့နဲ့ ငွေစုဘဏ်ထဲ ဝင်ဝင်သွားတာကို တွေ့တယ်ဆိုလား။ လူတွေက တော် တော့ကို ချဉ်နေတဲ့အချိန်မှာ ဘယ်လိုမှ သည်းမခံကြတော့တာက လူတစ်

mgyoe.com

mgyoe.com


ယောက်မွှေးထားတဲ့ ဒေါင်းမကလေး ခြံထဲမှာ က,နေတုန်း တောကြောင်က အလစ်ဝင်ဆွဲတဲ့ အမှုပါ။

အဲသည့်မှာ တောကြောင်ကို ဘလက်လစ်ဆိုပြီး လူတွေက လုပ်လိုက်ကြတာပါ။

"ကျုပ်တို့ တိရစ္ဆာန်တစ်စုကတော့ သိပ်မကျေနပ်ဘူး ဆရာကြီးဂျက်ရာ"တဲ့။

ဟုတ်ပါတယ်။ မြေခွေးနဲ့တကွ ကျားရယ်၊ ခြသေ့ရယ်၊ ဝံပုလွေရယ်၊ ကျားသစ်ရယ်က တောကြောင်ကြီးကို ဘလက်လစ်ထဲထည့်တာ ဘဝင်မကျကြောင်း ဂျက်ကို ပွင့်ပွင့်လင်းလင်းကြီးပဲ ရင်ဖွင့်ပါတယ်။ လူတွေကို ပြောပေးဖို့လည်း ပူဆာပါတယ်။ ဂျက် မတတ်နိုင်ပါဘူး။

"စိတ်ထဲမှာ ထည့်မထားပါနဲ့ အဆွေမြေခွေးရာ ထားလိုက်ပါ"

"အလိုဗျာ ဘယ့်နှာကြောင့်"

"လူတွေမှာက နာမည်ကိုယ်စီနဲ့လေဗျာ။ နာမည်ပျက်တယ်ဆိုတာ ကြောက်စရာကောင်းကြပေမှာပေါ့။ အဆွေမြေခွေးတို့ တိရစ္ဆာန်တွေမှာက မူလကတည်းက နာမည်မှ မရှိတဲ့ဥစ္စာ ပျက်ပျက်ပေါ့ မှုစရာမှမဟုတ်တာ"

မြေခွေးတိတ်သွားသဗျ။ လက်ခံတာလား၊ လက်မခံတာလား ဘယ်သိနိုင်ပါလိမ့်မလဲ။ စာဖတ်သူ သိချင်ရင် မြေခွေးသာ သွားမေးကြည့်ပေတော့။

□

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကမ်ဒီကောင်း

# ပြစ်ပြစ်

# တိရစ္ဆာန်

ပြက်

ကွမ်းခြံကုန်း



mgyoe.com

mgyoe.com

(၁)

"ကျုပ်ကို ဆင်လို့ မခေါ်ပါနဲ့လား" တဲ့။

ဂျက်ကွမ်းခြံကုန်း တော်တော့ကို ခေါင်းနောက်သွားသဗျ။ ချာလပတ်လည်ပုံကဖြင့် ကမ္ဘာရဟတ်သဖွယ်ပါကလား အဆွေ စာရှုသူ။ ကျွန်ုပ်နဲ့ အဲသည့်သတ္တဝါကြီးနဲ့တွေ့ကြတာက ကြံခင်းကြီးထဲမှာခင်ဗျ။ အနှီသတ္တဝါကြီးက ကြံခင်းထဲမှာ ငွားငွားစွင့်စွင့်ကြီးရပ်ကာ ကြံပင်တွေကို တစ်ပင်ပြီး တစ်ပင်ဆွဲယူစားသောက်နေတဲ့ ကာလအခါသမယကလေး ပေပေါ့။

နေဦး။ ပုံပေါ်အောင်လို့ စဉ်းငယ်မျှကြိုးစားပြီး သရုပ်ဖော်လိုက်ဦးမယ်။ ယင်း ၎င်းအနှီ သတ္တဝါကြီးမှာက အုတ်နံရံကြီးနဲ့တူတဲ့ ကိုယ်လုံးကြီးလည်းရှိလေသဗျ။ တိုင်လုံးကြီးတွေနဲ့ တူတဲ့ခြေထောက်ကြီးတွေလည်း ရှိလေသဗျ။ ယပ်တောင်နဲ့တူတဲ့ နားရွက်ကြီးတွေလည်းရှိလေသဗျ။ ကြိုးနဲ့တူတဲ့ အမြီးလည်းရှိလေသဗျ။ မြွေနဲ့တူတဲ့ နှာမောင်းလည်းရှိလေသဗျ။ လှံနဲ့တူတဲ့ အစွယ်ကြီးတွေလည်း ရှိလေသဗျ။ လက်နဲ့လျှောက်စမ်းစရာ မလိုဘဲ မျက်စိနဲ့တပ်အပ်သေချာမြင်နေရတဲ့ အကောင်ကြီးပေပ။ အဲသဟာကို ကျွန်ုပ်က "ဆင်" လို့ခေါ်ထည့်လိုက်တာ ဘာဇာများ အမှားပါသွားပါလေသလဲ။

"ကိုဆင်ကြီး ကြံတွေစုပ်လှပါကလား ခင်ဗျ"လို့

ကျွန်ုပ်က ပဋိသန္ဓာရစကားနဲ့ တိရစ္ဆာန်ဌာနအသွားမှာ သို့ကလို နှုတ်ခွန်းလှမ်းဆက်မိခဲ့တာပါ။ အဲသဟာကို မျက်ထောင့်နီကြီးနဲ့ တစ်ချက်လှမ်းကြည့်ပြီး ပြန်ပြောလိုက်ပုံကကြည့်လေ။

mgyoe.com

mgyoe.com


"ကျုပ်ကို ဆင်လို့ မခေါ်ပါနဲ့လား"တဲ့။

ဆင်ကြီးတစ်ကောင်လုံးကို တွေ့မြင်နေပါလျက်နဲ့ ဆင်လို့မခေါ်ပါနဲ့လို့ဆိုတော့ကာ ကျွန်ုပ်က ဘယ်နှာသို့ခေါ်ရမှာတဲ့တုံး။ အဲလီဖင့် (ELEPHANT) လို့ ခေါ်ရမှာတဲ့လား။

"တိရစ္ဆာန် လို့ပဲ ခေါ်ပါ"တဲ့။

ကြည့်။ ဆင်ကြီးက ပြန်ပြောပုံ။ ဂျက်လည်း အူလည်လည်နဲ့ ကြံခင်းကြီးထဲ ဖြတ်ကာ ခရီးဆက်ခဲ့မိပါလေရဲ့။

## (၂)

အို . . . လှလိုက်တဲ့ ပဲခင်းကြီး။ မြေသြဇာကောင်းလွန်းလို့ထင်ပါရဲ့။ တော်တော့်ကို ပဲအမျိုးအစားစုံအောင် ပေါက်နေတဲ့ ပဲခင်း။ စုံနံ့သာမြိုင်ထဲက သတ္တဝါလေးတွေ ဖောင်းကန်အောင် ပြောင်းဆန်စားပေတော့ဆိုတဲ့ ပုံစံမျိုးနဲ့ ပေါက်နေတဲ့ ပဲခင်း။

သမင်အုပ်စုကလေးတစ်စုခင်ဗျ။ ဆယ်ကောင်ကျော်ကျော် ဆယ့်ငါးကောင်မရှိတရှိလောက် ထင်ပါရဲ့။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ နုတ်နုတ်ပြီးစားနေလိုက်ကြတာ။ သမင်ဖိုကြီးကများဆို ချိုတကားကားနဲ့။

"ဗျို့ . . . ကို ရွှေသမင်တို့

ကျန်းခံ့သာလို့

မာကြပါစခင်ဗျာ"

ကျွန်ုပ်က ထုံးစံအတိုင်း လှမ်းအော်ပြီး နှုတ်ဆက်လိုက်ပါတယ်။ အဲသမှာ ခေါင်းဆောင်သမင်ဖိုကြီးက ပဲညွန့်ကို ဆွဲယူဝါးစားနေရာက လန့်ဖျပ်သွားတဲ့ပုံနဲ့ တန့်ရပ်သွားကာ ပြန်ပြောလိုက်တဲ့ စကားက ဆင်ကြီးနဲ့ တစ်ထပ်တည်းပဲ ခင်ဗျ။

"ကျွန်ုပ်တို့ကို သမင်လို့ မခေါ်ပါနဲ့လား ဂျက်ဆရာ"တဲ့

မြတ်စွာဘုရား။ တောသားတွေရဲ့ သဘောတရားတွေက ဘယ်နှာသို့ဖြစ်ကုန်ကြပါလိမ့်။ သမင်ကို သမင်မခေါ်ဘဲ တိရစ္ဆာန်လို့ခေါ်ကြရမယ်ဆိုတော့ကာ။

အဲသည်အထိ ဂျက်ကွမ်းခြံကုန်း စုံနံ့သာမြိုင်ကို သဘောမပေါက်နိုင်

mgyoe.com

mgyoe.com


ခဲ့ရီး အမှန်ခင်ဗျ။ တောလုံးပတ်လည် ခြေဆန့်ရာက ကျားနဲ့တွေ့၊ နွားနဲ့တွေ့၊ ငါးနဲ့တွေ့၊ ဖားနဲ့တွေ့၊ တောကြက်တွေ၊ တောဝက်တွေ၊ တောငှက်တွေနဲ့တွေ့၊ အောင်းနဲ့တွေ့၊ ဒေါင်းနဲ့တွေ့၊ ကြိုးခွေနဲ့တွေ့၊ မိုးစွေနဲ့တွေ့၊ တွားသွားပြီး ဖွတ်သွားတတ်သူ ဖွတ်ကျားကြီးနဲ့လည်း တွေ့၊ အို . . . စကြဝဠာအနန္တ၊ သတ္တဝါအနန္တစုံနဲ့သာမြိုင်ထဲမှာ ရှိရှိသမျှသော သတ္တဝါတွေက သူတို့ကို တိရစ္ဆာန်ဆိုတဲ့ နာမည်တစ်မျိုးတည်းနဲ့ပဲ ခေါ်ဆိုကြဖို့ရာ ဂျက်ကွမ်းခြံကုန်းကို ပြောလာစဉ်မှာတော့ တာဝန်ရှိသူ ဦးသျှောင်မြေခွေးဆီသို့သွားဖို့ရာ ကျွန်ုပ်ဆုံးဖြတ်ခဲ့မိပါလေပြီတမုံ့။

(၃)

ဂျက်က ဂျက်ကြုံသမျှ၊ ဆုံခဲ့သမျှ တိရစ္ဆာန်ဟုပဲ ခေါ်ပေးပါဆိုတဲ့ သတ္တဝါအနန္တအကြောင်းပြောပြလို့ အပြီးမှာတော့ ဦးသျှောင်မြေခွေး ပြုံးပါတယ်။ ပြီးတော့ သူ့ရုံးခန်းဂူပေါက်ကြီးရဲ့ တည့်တည့်ဆီမှာရှိတဲ့ ကညင်ပင်ကြီးရှိရာဆီကို လက်ညှိုးထိုးပြပါတယ်။ ကညင်ပင်ကြီးရဲ့ ပင်စည်မှာ ကြော်ငြာစာရွက်တစ်ရွက်ကပ်ထားသဗျ။ မြေခွေးကလည်း သိစေချင်၊ ကျွန်ုပ်ကလည်း သိလိုလှတာကြောင့် အသာလျှောက်သွားပြီး ဖတ်ရှုမိသဗျ။

**တိရစ္ဆာန်များ စည်းလုံးညီညွတ်မှု အထူးစိမ်ကိန်းအမိန့်ကြေညာချက် တဲ့။** စုံနဲ့သာမြိုင်တောကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော သတ္တဝါအသီးသီးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်များဖြစ်ပါလျက် သူက ဆင်၊ ငါက ကျား၊ ခင်ဗျားက ဖား၊ ကျွန်ုပ်က မြွေ စသည်ဖြင့် အမည်နာမများ ကွဲပြားခြားနားနေပေချေရာ တိရစ္ဆာန်ထုစည်းလုံးညီညွတ်မှုကို ထိခိုက်ပြီး အတွေးမွဲမွဲဖြင့် သွေးကွဲနေကြရပါသည်။ အနို့ဖြစ်ရာ သူကျား၊ ငါဆင်၊ သင်ဖား၊ ကျုပ်မြွေလုပ်မနေကြတော့ဘဲ အားလုံးကို တိရစ္ဆာန်ဟူသော အမည်တစ်မျိုးတည်းဖြင့် ခေါ်ဝေါ်ရန် တောကြောင်ကြီးက အဆိုတင်သွင်းလာပါသည်။ ယင်းအဆိုမှာ တောအရပ်နှင့် သဘောစာတ်ညီမျှသော အဆိုဖြစ်သဖြင့် သတ္တဝါအသီးသီးကြား၌ LOVE မဟာကြီး ကြီးပြီးထွားလာစေရန်အလို့ငှာ ဤအမိန့်စာကို အနီမဟာကညင်ပင်ကြီးတွင် ကပ်ရှိသည့်အချိန်မှစ၍ တစ်ကောင်တစ်ကောင်ကို တိရစ္ဆာန်ဟူသောအမည်

mgyoe.com

mgyoe.com


ဖြင့်သာ ရည်ညွှန်းခေါ်ဆိုကြရန် . . . တဲ့။

သြော် . . . ဒါ့ကြောင့်ကိုးလို့။ အဲသည်တော့မှ ဂျက်ကွမ်းခြံကုန်းကြီးလည်း သဘောပေါက်သွားခဲ့ရတော့တာပါ။ တောမီးတွေလောင်နေတုန်းမှာ တောကြောင်က တင်သွင်းခဲ့တဲ့ အဆိုပေကိုး။

(၄)

အသို့နဲ့ တစ်လလောက်အကြာမှာ စုံနံ့သာမြိုင်ကို တစ်ခေါက်ပြန်ရောက်တော့ တိရစ္ဆာန်ဆိုတဲ့ နာမည်တစ်မျိုးတည်းကို သုံးပြီး ချိတက်နေတဲ့တောကြီးဖြစ်တာကြောင့် ငြိမ်းချမ်းလေပြီလို့ ယူဆပြီး မြေခွေးကိုမေးမိသဗျ။

"မြွေက ဖားကို မျိုသေးသလော"

"ကျားက နွားကို စားသေးသလော"

"မိကျောင်းက သမင်ကို ဆွဲသေးသလော"

"တောကြောင်က ရှဉ့်ကို ဖမ်းသေးသလော"

"ဝံပုလွေက ဒရယ်ကို ချောင်းသေးသလော"

"ခြင်္သေ့က ကျွဲကို လိုက်သေးသလော"

"တောခွေးက ယုန်ကို ခုန်အုပ်သေးသလော"

"ကျားနဲ့ ဆင် လယ်ပြင်မှာ တွေ့သေးသလော"

ဂျက်မေးသမျှကို မြေခွေးက မသက်မသာနဲ့ ရက်ဆာ (Yes,Sir) ချည်းပါပဲ။

ဂျက် ဘာမှဆက်မပြောတော့ပါဘူး။ တိရစ္ဆာန်တွေ တစ်ကောင့်တစ်ကောင် ကြီးနိုင်ငယ်ညှဉ်းလုပ်နေတဲ့ တောကြီးထဲမှာ သွေးစည်းညီညွတ်ဖို့ရာအတွက် နာမည်တစ်မျိုးတည်းသုံးရုံနဲ့ ရလာမှာတဲ့လား။ တောကြောင်က အဆိုတင်သွင်း။ မြေခွေးတို့အဖွဲ့က သဘောကျ။ သြော် . . . နာမည်ပြောင်းရင် တောပြောင်းမယ်ထင်နေတာ။ ဒါကြောင့်လည်း တိရစ္ဆာန်ဖြစ်နေကြတာကိုး . . .။

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

(၁)

"ဒေါက်တာ အသောက"တဲ့ ခင်ဗျ။ ဆရာဝန်ကလေးရဲ့ နာမည်ကလှလိုက်တာ။ "သောက"ဆိုတာကို စိုးရိမ်ပူပန်ခြင်းလို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုကြတာမို့၊"အသောက"ဆိုတာက စိုးရိမ်သောကမရှိပါဘူးဆိုတဲ့ အနက်အဓိပ္ပာယ်ကို ဆိုက်ရောက်နေခဲ့လေတဲ့ဥစ္စာ။ ဆေးကုတဲ့အလုပ်နဲ့ အတော့်ကိုလိုက်တဲ့ နာမည်မျိုးပေါ့။ ဟုတ်ကဲ့ . . . ဒေါက်တာ အသောက။

ဆေးခန်းနာမည်ကလည်း လှတာပါပဲ။ "အဗျာဓိ" ဆေးခန်းတဲ့။ "ဗျာဓိ"က အနာရောဂါကျရောက်ခြင်းဆိုသမို့ဥစ္စာ။ "အဗျာဓိ"ဆိုတော့ အနာကင်းရာပေါ့။

စည်ပါတယ်။ သင်္ချိုင်းကုန်း၊ ဆေးရုံနဲ့ထောင်ဆိုတာဟာ မစည်ကားအပ်တဲ့ အရပ်ဒေသ သုံးပါးလို့ ဆိုသော်လည်းပဲ ဒေါက်တာအသောကရဲ့ "အဗျာဓိ"ဆေးခန်းကတော့ တိရစ္ဆာန်တွေနဲ့ တော်တော့်ကို စည်ပါတယ်။ သည်ဆေးခန်းက စုံနံ့သာမြိုင်တောကြီးထဲမှာ လာဖွင့်တာ ဘာကြာသေးလို့လဲ။ ရှိလှတစ်နှစ်ပေါ့။ တစ်နှစ်ခွဲပေါ့။ တိရစ္ဆာန်ဆေးကုတဲ့ပညာနဲ့ ဒေါက်တာဘွဲ့ရခဲ့တဲ့ ဆရာဝန်ကလေးက တိရစ္ဆာန်များရဲ့ အကျိုးစီးပွားအလို့ငှာ တိရစ္ဆာန်ဆေးကုခန်းလေး လာဖွင့်ခဲ့တာပါ။ ရောက်စက ဘာလုပ်တဲ့ အခန်းပါလိမ့်ဆိုပြီး ပေစောင်း ပေစောင်းနဲ့ ကြည့်တတ်ကြတဲ့ တိရစ္ဆာန်တွေ။ အခုတော့လည်း ဆေးခန်းရှေ့မှာ ဝင်ကြ ထွက်ကြလို့။

စုံနံ့သာမြိုင်မှာ ကျန်းမာရေးတစ်ခေတ်ဆန်းလေပြီတကားတမုံ့။

mgyoe.com

(၂)

တစ်ရက် တိရစ္ဆာန်ဆေးကုခန်းလေးရဲ့ ရှေ့မှာ တိရစ္ဆာန်ပေါက်စက လေးတချို့ကို အမေတွေက လက်ကလေးတွေတွဲလို့။ နွားပါသဗျ။ ကျွဲပါ သဗျ။ မြင်းပါသဗျ။ ဆိတ်ပါသဗျ။ ရှုးရှုးကိစ္စတဲ့။ နို့စို့တဲ့ သတ္တဝါကလေး တွေ အကုန်လုံးလိုလို ရှုးရှုးနဲ့ပတ်သက်တဲ့ ပြဿနာတက်နေကြတယ်ဆို တာကိုး။ ဆီးသွားလို့မရတာ။ ဆီးသွားလို့အားမရတာ။ ဆီးတွေ နီရဲနေ တာ။ ဆီးသွားရင် ကျဉ်တာ။

ဒေါက်တာအသောက က စိတ်ရှည်လက်ရှည်နဲ့ မေးတဲ့အခါ မေးရင်း မေးရင်းနဲ့ အဖြေထွက်လာပါတယ်။ နို့တဲ့ခင်ဗျ။ လက်သည်တရားခံက။ အဲ . . .နို့မှုန့်လည်းပါတာပေါ့။ အလွယ်လမ်းကို လိုက်လာကြတဲ့ တောထဲ က တိရစ္ဆာန်မကြီးတွေက သူတို့ ရင်သွေး တိရစ္ဆာန်ကလေးတွေကို နို့မတိုက် ကြတော့ဘူးလေ။ စုံနံ့သာမြိုင်နဲ့ ကပ်နေတဲ့ ဟိုဘက်လူ့ရပ်ရွာကလာ ရောင်းတဲ့ ရယ်ဒီမိတ် (Ready Made) နို့ပုလင်းမျိုးစုံ၊ နို့ဘူးမျိုးစုံ၊ နို့မှုန့် အထုပ်မျိုးစုံကို ဝယ်တိုက်ကြတယ်ဆိုလား။ တာဝန်ငြိမ်းတယ်။ အချိန်ကုန် သက်သာတယ်ဆိုပြီး တိရစ္ဆာန်တွေ သဘောကျနေကြတာတဲ့။ ဟော . . . အခု ရှုးရှုးကိစ္စပြဿနာတက်ပြီ။

ဒေါက်တာအသောက ပြောပုံအရ လူတွေက ပလတ်စတစ်တွေ ဘာတွေထုပ်တဲ့အခါမှာသုံးတဲ့ မယ်လမင်းဆိုတဲ့ ဓာတုပစ္စည်းကို ကုန်ကျ စရိတ် အထူးသက်သာတယ်ဆိုပြီး နို့နဲ့ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးမှာ ထည့်သုံးကြတယ်ဆိုတာကိုး။ မယ်လမင်းဆိုတာက ဆီးနဲ့ ဆီးလမ်းကြောင်း ကို ဒုက္ခပေးတဲ့ပစ္စည်း။ ဒေါက်တာ အသောကက စုံနံ့သာမြိုင်နဲ့ ကပ်နေ တဲ့ အရပ်ကလူတွေထုတ်တဲ့ ကွိစိကွစစာတွေရေးထားတဲ့ နို့နဲ့ နို့ထွက်ပစ္စည်း တွေကို မသုံးကြဖို့ တိရစ္ဆာန်တွေကို ဆွေးနွေးလမ်းညွှန်ရလေသဗျ။

(၃)

တစ်ရက်ကျတော့ ဆင်ပေါက်စလေးတွေဗျ။ ဝက်ဝံပေါက်စလေးတွေ ရော၊ မျောက်ပေါက်စလေးတွေရော၊ နွားပေါက်စ၊ မြင်းပေါက်စအကောင် တော်တော်စုံပါတယ်။ ချောင်းကလေးတွေ တဟွပ်ဟွပ်ဆိုးလို့ပေါ့။ အမေ

mgyoe.com

mgyoe.com

ကိုယ်စီနဲ့ တိရစ္ဆာန်ဆေးကုခန်းထဲ ဝင်လာလိုက်ကြတာ။

"ဟောဗျာ . . . အဲသည့်

ဥစ္စာတွေက ဘာတွေတုံးဗျာ"

ဒေါက်တာအသောက က တိရစ္ဆာန်ကလေးတွေရဲ့ လက်ထဲမှာ ကိုယ်စီကိုင်ထားတဲ့ ပလတ်စတစ်အတောင့်ရှည်ရှည်ကလေးတွေကို ကြည့်ရင်း မေးသဗျ။ ဟုတ်ပါရဲ့။ နီနီ၊ ဝါဝါ၊ ပြာပြာ၊ စိမ်းစိမ်း ရောင်စုံပလတ်စတစ် အတောင့်ကလေးတွေ။ အထဲမှာက အရည်ခပ်ပျစ်ပျစ်တွေနဲ့။ ဂျယ်လီ (Jelly)အရည်ဆိုပဲ့လား။ ဆိုင်ကလာမိတ်ဆိုတဲ့ ဓာတုပစ္စည်းဆယ်ဆနဲ့ ဆေးသကြားတစ်ဆရောထားတဲ့ ပါဝါသကြားတဲ့ခင်ဗျ။ အဲသဟာကို ဂျယ်လီ (Jelly)လို့ခေါ်တဲ့ ကျောက်ကျောအရည်နဲ့ရော၊ ဆေးဆိုးပြီး ပလတ်စတစ်အိတ်အတောင့်ထဲ ထည့်ရောင်းတော့ စုံနံ့သာမြိုင်က တိရစ္ဆာန်ကလေးတွေက ထိပ်ကလေးတွေဖောက်ပြီး တပြွတ်ပြွတ်နဲ့ စုပ်နေကြတာ။ မာမိန္ဒွား ချိုတယ်ဗျ။ ဒယ်ဒီဆင် ချိုတယ်ရှင့်ဆိုရင် တိရစ္ဆာန်ကြီးတွေက သွားကြီးတွေဖြလို့။ ခုတော့ တဟွပ်ဟွပ်အသံက တောမှာ လွတ်လွတ်ညံခဲ့လေပြီ။

"ကွိစ ကွစ

စာတန်းတွေနဲ့

ခင်ဗျားတို့

တိရစ္ဆာန်တွေကို

ဒုက္ခပေးနေတာ

သိကြရဲ့လား"

ဒေါက်တာအသောက က တိရစ္ဆာန်တွေဘက်ကနေ ခံပြင်းနေပုံရပါတယ်။

## (၄)

တစ်ရက် တောစပ်က ပြန်လာတဲ့ ယုန်မကြီးနှစ်ကောင်နဲ့တွေ့တော့ ဒေါက်တာအသောက က ယုန်မကြီးတွေလက်ထဲက ဆီပုလင်းတွေကို လှမ်းကြည့်ပါတယ်။ ပလတ်စတစ်ပုလင်းတွေပါ။ ကွိစကွစ စာတန်းတွေနဲ့ပါပဲ။ ဆီဘူးတွေလို့ပဲ ဆိုကြပါစို့။

"ကန်စွန်းရွက်ကြော်စားမလို့ ဆရာရေ"တဲ့။ ယုန်တွေက။ စားသောက်

mgyoe.com

mgyoe.com


ဆိုင်က စွန့်ပစ်တဲ့ ဆီ၊ ရေမြောင်းထဲမှာ စွန့်ပစ်ထားတဲ့ဆီကစလို့ ဆီကြွင်း ဆီကျန်တွေကို တစ်နှစ်မှာ တန်ချိန်နှစ်သန်း၊ သုံးသန်းအထိ ချက်ရောင်းတဲ့သတင်းနဲ့ အဲသည်လိုလူတွေကို ဖမ်းကြောင်း ဆီးကြောင်းသိထားတဲ့ တိရစ္ဆာန်ဆရာဝန်ဒေါက်တာအသောက စိုးရိမ်သွားသဗျ။

"ဈေးအဆမတန် ပေါတယ်ဆိုပြီး ခြစည်းရိုးဟိုဘက်ကဝင်လာတဲ့ ဆီတွေကို ကြည့်လည်း စားကြဦး ဒေါ်ရွှေယုန်တို့ရဲ့ . . .။

သွေးတိုး၊ နှလုံး၊ ကင်ဆာ ဒုက္ခတွေ့ကုန်မယ်နော်"

## (၅)

တစ်ရက်မှာတော့ ဒေါက်တာအသာကနဲ့ ဂျက်နဲ့တွေ့ပါတယ်။ ဂျက်က ဆေးခန်းမှာ တိရစ္ဆာန်တွေနဲ့ စည်ရဲ့မဟုတ်လားလို့ မေးတော့ သူက ခေါင်းညိတ်ပါတယ်။ ပြီးတော့ သက်ပြင်းချပါတယ်။

"တောခေါင်းဆောင် မြေခွေးက ကျုပ်ကို ခေါ်သတိပေးတယ်။ ဆရာကြီးဂျက်ရဲ့"တဲ့။

ဂျက်က ဆိုပါဦးလို့ စကားကို ထောက်ပေးတော့ တိရစ္ဆာန်တွေကို ဆေးကုတာ ရိုးရိုးကုပါလို့ပြောတယ်ဆိုလား။ လူတွေထုတ်တဲ့ ပစ္စည်းတွေ မကောင်းလို့ ဘာညာဆိုတာမျိုး ထည့်မပြောပါနဲ့တဲ့။ တိရစ္ဆာန်နဲ့ လူချစ်ခင်မှုတွေ ပျက်ပြားသွားမှာစိုးလို့ပါလို့ ခပ်မာမာပြောတယ်ဆိုလား။ အစွယ်အဖွေးသားနဲ့ ခေါ်ပြောတာဆိုတော့ တိရစ္ဆာန်ဆရာဝန်ကလေး နည်းနည်းပါးပါး ဖြုံသွားပုံရပါတယ်။

"အခု လူလို့မသုံးဘဲ ခြေနှစ်ချောင်းသတ္တဝါလို့ သုံးနေရတယ် ဆရာကြီးဂျက်ရဲ့"တဲ့။

ခြေနှစ်ချောင်းသတ္တဝါတွေလုပ်တဲ့ ဆီကိုသတိထား။ ခြေနှစ်ချောင်းသတ္တဝါတွေလုပ်တဲ့ မုန့်ပဲသရေစာကို သတိထား။ ခြေနှစ်ချောင်းသတ္တဝါလုပ်တဲ့ နို့နဲ့အအေးတွေကို သတိထား။ ဩော် . . . တိရစ္ဆာန်တွေ၊ တိရစ္ဆာန်တွေ။ ကိုယ့်ကျန်းမာရေးကိစ္စကို သတိပေးတာတောင်မှ လူကိုလူလို့ ထုတ်မပြောရတဲ့ ဘဝ။ ကောင်းရော။ ။

❐

mgyoe.com

mgyoe.com



# ဝိရုဏှနေပါဆွေ

# ဝါဝါး

# ရို့ကြဲဝေး

# ပါ

mgyoe.com

mgyoe.com

(၁)

အဲသည့်နေ့က စုံနံ့သာမြိုင်တောကြီးထဲကို မောင်းဝင်လာတဲ့ မော်တော်ကားကြီးဟာ တကယ့်ကို အပျံစားပါပဲဗျာ။ ရှည်ရှည်မျောမျောကြီး ခင်ဗျ။ လေအေးပေးစက်ကလည်း အေးစိမ့်လို့။ သီချင်းသံကလေးကလည်း ငြိမ့်ညောင်းလို့။ မီးတွေကလည်း ထိန်လင်းလို့။ ဆိုဖာကြီးတွေက အိစက်ညက်ညော။ သင်းရနံ့က မွှေးပျံ့ ထုံလှိုင်။ တိရစ္ဆာန်ကလေးတွေ ထွက်ထွက်ပြီး ကြည့်လိုက်ကြတာ။

ကြည့်အကောင်းဆုံးကတော့ ဝံပုလွေပဲဖြစ်မယ်ထင်ပါရဲ့။ ကားအရှေ့ခန်းမှာ ဒရိုင်ဘာနဲ့ ယှဉ်ပြီးထိုင်လိုက်လာပုံက စတိုင်လ်ကျလိုက်တာ။ ကားတံခါးပေါင်ပေါ်ကို လက်တင်လို့။ စီးကရက်ကို ဟန်ပါပါခဲလို့။ အောင်မယ် . . . နေကာမျက်မှန်အမည်းကြီးကိုတောင်မှ တပ်ထားသေး။ ကားပေါ်မှာက လူသား လေး၊ ငါး၊ ခြောက်ယောက်။

စုံနံ့သာမြိုင်မှာ တံတားထိုးမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဝံပုလွေ မြို့တက်သွားတဲ့ သတင်းထွက်နေခဲ့တာကြာပေါ့။ တောရဲ့ ဦးသျှောင်မြေခွေးမောင်နဲ့အဖွဲ့က လွှတ်တာတဲ့။ ဟော . . . အခုပြန်လာတော့ ကားနဲ့ဘာနဲ့ လူတွေတောင်ပါလာကြတယ်။ တိရစ္ဆာန်ကလေးတွေကို သနားလို့ တံတားကို အလကားဆောက်ပေးမယ်ဆိုတဲ့ မေတ္တာရှင် လူသားတစ်စုတဲ့ခင်ဗျ။ အဲသည့်သတင်းကြောင့်ပဲ ထင်ပါရဲ့။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ပုတတ်၊ ယုန်၊ ခါ သတ္တဝါ အနန္တ ထွက်ထွက်ပြီး ကြည့်လိုက်ကြတာ။

"စုံနံ့သာမြိုင်မှာ တောတံတားခင်းတော့မယ်တဲ့ဟ" ဟူလို။

mgyoe.com

mgyoe.com


(၂)

စုံနံ့သာမြိုင်တောကြီးရဲ့ အလယ်တစ်နေရာမှာ ရေတသွင်သွင်နဲ့ ဖြတ်ပြီးစီးနေတဲ့ ချောင်းကြီးတစ်ချောင်းရှိသဗျ။ တောကို ဟိုဘက်၊ သည်ဘက် ဖြတ်ပြီးကူးချင်တဲ့ တိရစ္ဆာန်ကလေးတွေဟာ အဲသည့်ချောင်းကို မဖြတ်ဘဲနဲ့ ဘယ်တော့မှ ကိစ္စမပြီးဘူး။ ရေကူးတတ်တဲ့ ကျွဲလို၊ နွားလို သတ္တဝါတွေ အတွက်က နွေချင်နွေ၊ မိုးချင်မိုး အသာကလေးဖြတ်ကူးသွားလို့ အဆင်ပြေပေမယ့် ယုန်လိုသတ္တဝါကလေးတွေ၊ သမင်လို သတ္တဝါကလေးတွေ၊ ဒရယ်လို သတ္တဝါကလေးတွေဟာ ရေများပြီး အစီးသန်တဲ့အချိန်မျိုးတွေမှာ ချောင်းကိုဖြတ်ဖို့ မလွယ်လှပါဘူး။ တချို့သတ္တဝါငယ်ကလေးတွေခမျာ အကောင်ကြီးတွေရဲ့ ကိုယ်လုံးပေါ်ကနေ တက်စီးခွစီး။ ဒါမှမဟုတ်ရင်လည်း ရေနည်းနည်းတိမ်လောက်မယ်လို့ ထင်ရတဲ့နေရာကနေ စွတ်ဖြတ်။ မျောလာတဲ့သစ်သားတုံးလိုဟာမျိုး အပေါ်ကနေ လိုက်ပါသွားဆိုတာမျိုးတွေလည်း ရှိပေါ့။ ပြောရရင် မလွယ်ပါဘူးဆိုတဲ့ ဟိုဘက်ကမ်းနဲ့ သည်ဘက်ကမ်း ပါပဲဗျာရယ်။

အဲသမှာ အဲသည် အနှီသတင်းကို ဘယ်အတ္တာရဲ့ ဆီကနေ ဘယ်နှာ သို့လုပ်ပြီး ပြင်ပလူ့ကမ္ဘာကနေ ကြားသိသွားခဲ့ကြလေတယ်မသိပါဘူး။ တိရစ္ဆာန်ကလေးများကို သနားကရုဏာရှိလေသူ လူသားတချို့ကတော့ တံတားဆောက်ကာ တောသားတွေ လျှောက်နိုင်ဖို့ရာအတွက် အလှူဒါန ပြုလိုလှပါကြောင်းကို ကမ်းလင့်အမှာစကားတွေနဲ့ လမ်းဖွင့်လာထားဆိုပြီး လုပ်လာခဲ့တော့တာပါ။

အဲသမှာ မြေခွေးက ဝံပုလွေကို လူသားတို့ထံပါးက မေတ္တာတရားတွေရရှိလာစေရန်အလို့ငှာ ပြောရေးဆိုခွင့်ရှိသူ တိရစ္ဆာန်အဖြစ်ရွေးချယ်ပြီး သံတိရစ္ဆာန်အဖြစ်နဲ့ အမြန်တံဆိပ်နှံပြီး လွှတ်လိုက်ခဲ့တာလို့ပဲဆိုပါတော့။

ဒါနဲ့ တောမြို့တောမြို့လို့ဆိုကာ အမောဆို့မတတ် ကူးချည်သန်းချည် လုပ်ပြီးတဲ့သကာလ တောတံတားကိုယ်စားလှယ်ဖြစ်တဲ့ ဝံပုလွေဟာ ကရုဏာရှင် လူတွေကိုပါ ကားနဲ့ဘာနဲ့ ခေါ်ချလာပြီးတဲ့သကာလ၊ ချောင်းကမ်းနံဘေးအငူအပါးမှာ လူသားတို့နဲ့ အတူတူရပ်ပြီးတဲ့သကာလ တော

mgyoe.com

mgyoe.com


ဒုက္ခအသွယ်သွယ်ကို ဟောနုတ်အလုကြွယ်ကြွယ်နဲ့ ပြောထည့်လိုက်တာ လူသားတွေက တံတားကိုချက်ချင်းထိုးလို့ဆိုကာ လက်ငင်းအကျိုးတွေ ရောက်ချလာပါလေရောဟူသတတ်။

(၃)

သြော် . . . လူတွေ လူတွေ။ တောတံတားအတွက် ရက်ရောလိုက်ကြပုံတွေများ။ အသပြာတော်ငွေ သိန်းတစ်ထောင်တဲ့ခင်ဗျ။ ချပေးလိုက်တာ။

အဲသည် အသပြာတော်ငွေ သိန်းတစ်ထောင်ကို ဆောင်ကြဉ်းပေးရမယ့် တိရစ္ဆာန်က ဝံပုလွေ။ ဝံပုလွေ လူတွေဆီကနေယူဆောင်လာပြီးတဲ့ သကာလမြေခွေးရှေ့ကို ချပေးလိုက်တော့ သိန်းရှစ်ရာ့ငါးဆယ်။

"အနို့ တစ်ထောင်ဆို"

အဲသဟာ မြေခွေးက ပြောတာမဟုတ်ပါဘူး။ မြေခွေးကတော် မြေခွေးမက ပြောတာပါ။ အဲဒါကို မြေခွေးက လှမ်းဟန့်ပါတယ်။

"မင်းကလည်း . . . မသိဘဲနဲ့ အကျိုးဆောင်တဲ့အကောင်က ဆယ့်ငါးရာခိုင်နှုန်းယူတယ်ကွ။ အသပြာတစ်ထောင်ကို ရှစ်ရာ့ငါးဆယ် လာပေးတာ တို့တိရစ္ဆာန်များရဲ့ ရိုးရာဥစ္စာ"

သည်တော့မှ မြေခွေးမ တိတ်သွားတယ်။ ပိုပြီးတိတ်သွားစေတာက မြေခွေးရဲ့ ထပ်ဆင့်စကား။

"တံတားဆောက်ဖို့ မြေခွေးနဲ့သားများ ကုမ္ပဏီကို မောင်တော် . . . သဘောကျတယ်"တဲ့။

(၄)

တစ်ရက်မှာ မြေခွေးရဲ့သားတွေနဲ့ ကျားနဲ့ အကင်ဆိုင်တစ်ဆိုင်မှာ တွေ့ကြလေသဗျ။ တံတားကိစ္စပါပဲ။

"ကိုကျားရေ . . . တံတားကိစ္စ အကောင်အထည်ဖော်ပေးနိုင်မယ်ဆိုရင်ဖြင့် ကိုကျားကို လွှဲပေးချင်သဗျ"

"ဘယ်လောက်တန်တဲ့ တံတားဆောက်ချင်လို့တုံး"

သည်မေးခွန်းကိုမေးတော့ ကျားက သွားကြားထိုးထံကိုက်လို့။ ခုံပေါ်

mgyoe.com

mgyoe.com


မှာလည်း ထွေးချထားတဲ့ အရိုးတွေကပွလို့။ မလှမ်းမကမ်းက မီးဖိုမှာ အကောင်လိုက် ကင်ထားတာ ဆတ်ကလေးလား၊ ဒရယ်ကလေးလား မပြောတတ်ပါဘူး။

"ငါးရာနဲ့ ပြီးအောင်ဆောက်ပေး ကိုကျားရယ်"

"ဩော် . . .သူ့အိုးနဲ့ သူ့ဆန်တန်စေရမယ်ဗျ"

မြေခွေးရဲ့သားတွေက ကျားဆီကို တဲတားဆောက်ဖို့ ငွေအသပြာပေးချိန်မှာ မူလက တစ်ထောင်တိတိဟာ ငါးရာပဲရှိပါတော့တယ်။

(၅)

တဲတားကို တကယ်ဆောက်တော့မယ်ဆိုပြီး ဟန်ရေးပြင်တဲ့အချိန်မှာတော့ လိပ်တွေရဲ့ လက်ထဲကို လုပ်ငန်းကရောက်သွားခဲ့ပါပြီ။ ကျားက သူ မအားလို့ဆိုပြီး "လိပ်ကမ္ဘာ"ကုမ္ပဏီကို သိန်းနှစ်ရာ့ငါးဆယ်နဲ့ ပေးလိုက်တယ်ဆိုလား။ သတင်းတွေကလည်း တောလုံးပတ်လည်ပျံ့နှံ့လို့။

ဘာပဲဖြစ်ဖြစ် ချောင်းစပ်ဝန်းကျင်မှာ လိပ်ကလေးတွေ ရွရွရွရွရှိနေတာကို ကြည့်ရတာကတော့ တကယ်ဆောက်တော့မယ့်ပုံပါပဲ။ ပြီးချိန်တန်ရင်လည်း ပြီးသွားမယ့်ပုံပေါ့။

"သိန်းတစ်ထောင်နဲ့ ဆောက်ခိုင်းတဲ့တဲတားကို တကယ်ဆောက်ချိန်မှာ နှစ်ရာ့ငါးဆယ်နဲ့ပဲ ဆောက်မယ်ဆိုတော့ ကောင်းနိုင်ပါ့ဦးမလား"

အဲဒါ ဂျက်ကွမ်းခြံကုန်းက မေးမိတဲ့စကားပါ။ မြေခွေးက . . .။

"ခက်တယ် . . .ဂျက်ရယ် တောထဲမှာ တည်ဆောက်ထားတာတွေ မှန်သမျှ အနို့ကလိုပဲ သွားနေကြတဲ့ဥစ္စာ . . .။ အခု . . . လိပ်တွေက ယူသင့်သလောက်ယူပြီး . . . နောက်ထပ် တိရစ္ဆာန်တစ်ကောင်ကောင်ကို ချပေးချင်ပေးနေဦးမှာ"တဲ့။

မြတ်စွာဘုရား။ အဲသည်လို တဲတားမျိုးပေါ်ကနေ တိရစ္ဆာန်တွေ ဘယ့်နှယ်လျှောက်ကြရပါ့။ အင်းလေ။ ပြီတော့လည်း အများပေါ့။ တိရစ္ဆာန်တွေပဲဥစ္စာ။ ။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

(၁)

ကတ်ပြားက အပုံံစားခင်ဗျ။ ပလတ်စတစ်အကြည်။ ပြီးတော့ အမာ။ ပလတ်စတစ်လောင်းထားပုံက သပ်ရပ်လွန်းတာမို့ တော်တော့်ကို ကျက်သရေရှိတဲ့ ကတ်ပြားပါ။

ပထမတော့ အဲသည့်ကတ်ပြားဟာ ဘဇာကတ်ပြားပါလိမ့်ဆိုတာကို ကျွဲကြီးတွေက ဘယ့်နှာလုပ်ပြီး သိပါ့မတုံး။ ကျားလည်ပင်းမှာ ဆွဲထားတဲ့ ကတ်ပြားက မှောက်နေတဲ့ဥစ္စာ။ အဲသမှာ ကျွဲတစ်ကောင်က မခံချင်စိတ်နဲ့ လှမ်းမေးလိုက်တာ။

"နေပါဦး . . . တိရစ္ဆာန် အချင်းချင်း အမိန့်လာပေးနေရအောင် ကိုယ့်ဆရာက ဘာကောင်မို့လို့တုံး"

အဝါနဲ့ အနက်ကို တစ်ရစ်စီတားထားတဲ့ ခြေလေးချောင်းသတ္တဝါကြီးကို မြင်နေရပါလျက်နဲ့ ကိုယ့်ဆရာက ဘာကောင်မို့လို့တုံးလို့ အမေးခံလိုက်ရတာကိုဖြင့် ကျားက တော်တော်ကလေး ဒေါကန်သွားပုံရပါတယ်။ အဲသမှာ ကျားက သူ့လည်ပင်းမှာဆွဲထားတဲ့၊ ပလတ်စတစ်လောင်းထားတဲ့ ကတ်ပြားကလေးကို ဆွဲလှန်ပြခဲ့လိုက်တာပါ။ ကျားရုပ်ကလေးနဲ့ခင်ဗျ။ "စုံနံ့သာမြိုင်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဇဟိုကော်မတီ"တဲ့။ မေးခွန်းထုတ်တဲ့ ကျွဲရော၊ သူ့နံဘေးနားက ကျွဲတွေရော နည်းနည်းတော့ တွန့်သွားခဲ့ကြလေသပေါ့။ ကျားက ရိုးရိုးကျားမဟုတ်ဘူးကိုး။ တာဝန်နဲ့ဝတ္တရားနဲ့ကျား။ အစွယ်နည်းနည်း ချွန်ထက်တဲ့ကျား။ စုံနံ့သာမြိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဇဟိုကော်မတီဝင်ကျား။

အဲသည်တုန်းက ကျွဲအုပ်ကြီးက ရွံ့အိုင်ကြီးထဲမှာ လူးနေကြတာ။

mgyoe.com

mgyoe.com


စုံနံ့သာမြိုင်ကို ဖြတ်သန်းစီးဆင်းသွားတဲ့ ချောင်းကလေးရဲ့ နံဘေးနားမှာ ကပ်နေတဲ့ ရွံ့အိုင်ကြီး။ တစ်ခါတစ်ခါ ချောင်းရေတိုးတဲ့အခါ ချောင်းရေတွေဘာတွေ ဝင်တတ်တဲ့ ရွံ့အိုင်ကြီးပေါ့။ ညနေ စောင်းတောင်းတောင်း မို့ထင်ပါရဲ့။ ဖြုတ်တွေကဆို များမှများလိုက်တာ ရွံ့အိုင်ထဲမှာ လူးနေတဲ့ ကျွဲတွေ တစ်ကောင်မှ အငြိမ်မနေကြရဘူး။ ခေါင်းတခါခါ အမြီးတယမ်းယမ်းလုပ်ရင်း ရွံ့ရေထဲမှာ ဘယ်လိုမ့်ညာလူးရယ်ပေါ့။

ကျားက အဲသည့်အချိန်ကြီး ရောက်ချလာတာ"နောက်နေ့က စပြီး ဟောသည် ရွံ့အိုင်ကြီးထဲမှာ အဘယ်သို့သော ကျွဲတစ်ကောင်ကိုမှ မမြင်လိုဘူး။ ယနေ့ နောက်ဆုံးဖြစ်ပါစေ"တဲ့။

အဲသဟာ ကျားပေးတဲ့ အမိန့်။ တစ်သက်လုံး ရွံ့အိုင်ထဲလူးပြီး ဘဝရဲ့ ဒုက္ခတွေကို ဖြေရှင်းလာခဲ့ကြတာမို့ အနို့ကလို ထူးဆန်းတဲ့အမိန့်ကို ရွံ့အိုင်ကမ်းစပ်နားမှာ လာရပ်ပြီး ထုတ်ပြန်တဲ့အခါ ကျွဲတွေဒေါကန်သွားပြီး ဘာကောင်လဲကွာ ဘာညာဖြစ်ကုန်ကြတော့တာပါ။ ကျားက သူ့လည်ပင်းမှာ ဆွဲထားတဲ့ကတ်ပြား လှန်ပြလိုက်တော့မှ ရွံ့အလူးလူးနဲ့ ကျွဲတွေ ငြိမ်ကျသွားတော့တာပါ။ "စုံနံ့သာမြိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ"ဆိုတဲ့ ခေါင်းစီးနဲ့ ကတ်ပြားရဲ့ အောက်မှာ တောရဲ့ဦးသျှောင် မြေခွေးကိုယ်တိုင်က တံဆိပ်တုံးထု လက်မှတ်ထိုးပေးထားတာကိုး။

"ဖြုတ်ကလည်းကိုက်၊ အိုက်ကလည်း အိုက်မို့"

ကျွဲတစ်ကောင်ခမျာ ရွံ့ဗွက်ထဲကနေ အတွန့်တက်ကြည့်လိုက်ပါသေးတယ်။ မရပါဘူး။ တောယံမှာ ဒေါကန်သူကျားက ပြတ်သားတဲ့ အမိန့်ကို ထပ်ဆင့်ပါတယ်။

"ဒါ . . . စုံနံ့သာမြိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့လုပ်နေတာ။ ရွံ့ဗွက်အိုင်ကနေ စွန့်ထွက်နိုင်အောင် လုပ်ကြ"

အဲသည့် အမိန့်ချသံအပြီးမှာ နောက်ထပ်ကျား ဆယ့်လေးငါးကောင်လောက်က အိုင်စပ်နားကို အားဖြည့်ပြီးရောက်ရှိလာပါတယ်။ ကျွဲတွေ သဘောပေါက်လိုက်ပါပြီ။ သည်တစ်ညမှာသာ အားရအောင် လူးလာကြပေတော့ဆိုတဲ့ သဘော။

mgyoe.com

mgyoe.com


(၂)

"ဟော့ . . . တစ်ကောင်မှ မပြေးနဲ့ . . . အမိန့်သံကိုနာခံ"

အဲသဟာကလည်း စုံနံ့သာမြိုင်ကို ဖြတ်ပြီး စီးဆင်းသွားတဲ့ ချောင်းရိုးကလေးရဲ့ နံဘေးကပဲ ထွက်လာတဲ့အသံပါ။ သြော် . . . သမင်ကလေးတွေ၊ ဒရယ်ကလေးတွေ ရေစပ်မှာ ပေရပ်နေကြရှာရဲ့။ ဝံပုလွေအုပ်စုကြီးက ဝိုင်းလို့။ ဝံပုလွေတွေရဲ့ လည်ပင်းတွေမှာလည်း ကတ်ပြားကိုယ်စီ ဆွဲလို့ပဲဗျာရဲ့။ ဘာတဲ့။ စုံနံ့သာမြိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဆိုတာပါပဲ။

"အဆွေတို့ အခုရေဆင်းသောက်နေတဲ့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် သတ္တဝါအသီးသီးတို့သည် နောင်အခါ ချောင်းစပ်၌ ရေဆင်းသောက်ခြင်းအမှုကို မပြုရ။ အမိန့်နာခံစေ"တဲ့။

သတ္တဝါကလေးတွေ မျက်လုံးကလေးတွေ ပေကလတ် ပေကလတ်နဲ့။ နားရွက်ကလေးတွေကိုသော်မှ မခတ်ရဲကြရှာတော့။ တိရစ္ဆာန်တို့ ဘာသာဘာဝ ရာသက်ပန် ချောင်းစပ်ဆင်းပြီး ရေသောက်လာကြရှာမင့်ဟာ။ ဘယ်နှာသို့ဖြစ်ရပြန်ပါလိမ့်။

"တော၏ သိက္ခာကို ကျဆင်းစေသည်"တဲ့။

သြော် . . . ပြောလို့ထွက်ပါရဲ့၊ ဝံပုလွေတစ်ကောင်ရဲ့ စကား။ အစွယ်ဗလာ အဆိပ်နတ္ထိပကတိ ရန်မလိုတဲ့ တိရစ္ဆာန်ကလေးတွေခမျာ ချောင်းစပ်မှာ ရေလာမသောက်နဲ့ ဆိုတော့လည်း မသောက်ကြရုံသာပေါ့။

(၃)

စုံနံ့သာမြိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဆိုတာကြီး ချက်ချင်းလက်ငင်းဆိုသလို ပေါ်လာပြီးတဲ့သကာလ ချောင်းရိုးတစ်လျှောက်မှာ အနို့နှယ်သို့နှယ်သော ဥပဒေအမိန့်အာဏာများ ထုတ်ပြန်ကာ ရှင်းကြလင်းကြလေတာမို့ တိရစ္ဆာန်တချို့က ဂျက်ထံပါး ချဉ်းကပ်ကာ အကြောင်းရင်းခံကို မေးလာကြပါတယ်။ ဂျက်က မြေခွေးမင်းနဲ့ အဝင်အထွက်ရှိသူကိုး။ ကိုယ်တိုင်ကလည်း သတင်းကို ဆာလောင်မွတ်သိပ်သူပေမို့ အချိန်မဆိုင်းဘဲနဲ့ တိမ်လှိုင်းပမာ မြေခွေးထံသို့ လွင့်သွားပြီးတဲ့ သကာလ ဓာစ်မြစ်

mgyoe.com

mgyoe.com


ကို မေးရပါတယ်။

"အပေါ်. . . ဆရာဂျက် မသိသေးပဲကိုး။ လူတစ်စု တောကိုလာပြီး လေ့လာမတဲ့ခင်ဗျ . . . ခရီးမပန်းရလေအောင် ချောင်းရိုးတစ်လျှောက်လှေနဲ့ မျှောပြီး တောခလေ့ကို ရှုစားလိုပါသတဲ့ . . . အဲဒါကြောင့် တိရစ္ဆာန်ဘဝ နိမ့်ကျတဲ့ရှူခင်းတွေကို ချောင်းဘေးကနေ ပြောင်းပြေးဖို့ ရှင်းထားရလေတာပါ။ လူတွေအထင်မသေးရလေအောင်ပေါ့"တဲ့။

ဩော် . . . ဖြုတ်ကိုက်ပြီး ပူအိုက်ရင် ရွှံ့ထဲလူးတဲ့ကျွဲတွေ၊ ရေငတ်တော့ ချောင်းစပ်ဆင်းပြီး ချောင်းရေသောက်တဲ့ တိရစ္ဆာန်တွေ၊ ရွှံ့နွံစပ်စပ်မှာ တဂတ်ဂတ်နဲ့ နှုတ်သီးနဲ့ ထိုးနေတဲ့ ဘဲတွေ၊ သဟာတွေအားလုံးကို လူတွေမြင်ရင် ဘဝင်မနောမှာ မရွှင်တဲ့ သဘောတွေနဲ့ အထင်စမောလ် (Small)သွားမှာကို ကြောက်ပါလေသတဲ့။ ချောင်းနံဘေးအသွင်အပြင်လှဖို့ ပြောင်းရေး ပြင်ဆင်ကြရလေပြီ။

(၄)

လူတွေ ချောင်းရိုးတစ်လျှောက်မှာ လှေနဲ့မျှောပြီး စုံနံ့သာမြိုင်ရှုခင်းကို ရှုစားပြီးလို့ လူ့ရပ်ဌာနပြန်ကြွသွားပြီးတဲ့နောက် ချက်ချင်းဆိုသလို တောသားတွေအတွက် သဘောထားထုတ်ပြန်သဗျ။

ကျွဲများပင်လျှင် ရွှံ့အိုင်ထဲမှာ မလူးကြတော့သော၊ မည်သည့်တိရစ္ဆာန်မှ ချောင်းရေကို မသောက်တော့သော တောကြီးစုံနံ့သာမြိုင်သည်တဲ့၊ လူတို့နှယ်ဖွံ့ဖြိုးပြီးဖြစ်နေပြီဟု ယူဆပါ၍တဲ့၊ တောရဂုံအဆင်းကို ဇောအဟုန်ပြင်းပြင်းဖြင့် အခြေမြှင့်တင်ပေးရန်အလို့ငှာ လျာထားသော ငွေအသပြာကုဋေကုဋာတို့ကို လူသားတို့က ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းတဲ့။

အဲသည့် ညက စုံနံ့သာမြိုင်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီထဲမှာပါတဲ့ အကောင်တွေ တစ်ကောင်နဲ့တစ်ကောင် ကိုက်ကြတာ တော်တော်ကလေး ကြမ်းသတဲ့ခင်ဗျ။ တိရစ္ဆာန်ဆေးကုခန်းကလေးထဲမှာ အကောင်တွေပြည့်လို့။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

(၁)

ပထမဦးဆုံး တွေ့ကြဖို့ အသံထွက်လာတာက အကောင်ကြီး ငါး ကောင်တဲ့ခင်ဗျ။ စုံနံ့သာမြိုင်တောထဲမှာ နည်းနည်းကလေးအရေးပါပြီး အရာရောက်တဲ့ အကောင်ကြီးတွေပေါ့။

ထုံးစံအတိုင်း တောရဲ့ ဦးသျှောင်မြေခွေးမောင်ကဖြင့် ပါရလေမပေါ့။ ပြီးရင် ဆင်ပေါ့။ ပြီးရင် ကျားပေါ့။ ပြီးရင် ခြသေ့ပေါ့။ ပြီးရင် ဒေါင်းပေါ့။ ဒေါင်းက ဒေါင်းမကလေး။ အကောင်ကြီးငါးကောင်လို့ဆိုထားပါလျက်နဲ့ ဘယ့်နှာကြောင့် ဒေါင်းမကလေးက ပါနေရလေသတုံးဗျာလို့တော့ အတွန့် မတက်ပါလေနဲ့ဦး။ ရူပခန္ဓာမသန်စွမ်းသော်လည်း ဉာဏခန္ဓာသန်စွမ်းလွန်း တာကြောင့် ရိုးအခြေကနေ အိုးဝေလို့ တွန်ကျူးလိုက်မှဖြင့် တိရစ္ဆာန် အပေါင်းတို့ရဲ့ စိတ်သဏ္ဍာန်ဟာ ပြောင်းပြီး မနောသောင်းထောင်ထဲမှာ တောကောင်းအောင် လုပ်ကြစို့ရဲ့ဆိုတဲ့ စိတ်မျိုးတွေ ဝင်ဝင်လာတတ်တာ ကြောင့် ဖယ်မရ၊ ကွယ်မရတဲ့ သူငယ်မရယ်လို့ဆိုကာ အကောင်ကြီးတွေ ထဲမှာ ထည့်သွင်းထားခဲ့ရလေတာကိုး။ ထား။

စကားကလေး ပြန်ဆက်ရရင် ခုတင်က ပြောခဲ့တာဘာရယ်။ အဲ– ဟုတ်ပြီ။ အကောင်ကြီးငါးကောင် တွေ့ဆုံကြဖို့ကိစ္စ။ မြေခွေး၊ ဆင်၊ ကျား၊ ခြသေ့၊ ဒေါင်းဆိုတာ။ စုံနံ့သာမြိုင်မှာက အပေါ်ယံရှုပ်ပြီး ကြည့်လိုက်ရင် စိမ်းလန်းလို့၊ ငြိမ်းချမ်းလို့ဆိုတဲ့ စတိုင်မျိုးရယ်ကိုး။ ဒါပေမဲ့ တောအတွင်း သဏ္ဍာန်ရဲ့ မနောအရင်းခံက တစ်ကောင့်တစ်ကောင် ကျောမပေးရဲဘဲ ဆင်ကြံကြံ၊ ကျားချောင်းချောင်း၊ မြေခွေးကျင့်ကျင့်ကာ ရန်အထောင် အသောင်းကို ဟန်ဆောင် ကော်းကောင်းနဲ့ တောလမ်း အကောက်အကွေ့ တွေကြားမှာ မမောတမ်းလျှောက်၍ နေကြရလေတာကိုး။ အနို့နဲ့ နောက်

mgyoe.com

mgyoe.com


ပိုင်းမှာ ဘာဇာဖြစ်လာကြတယ်မသိ။ သူသူငါငါ လူတကာကို တောဟာ ငြိမ်းချမ်းပါတယ်လို့ အမြင်ရောက်စေချင်လို့ ထင်ပါရဲ့။ ငါးကောင်ဆုံပြီး တောရဂုံအကြောင်း ဆွေးနွေးကြရအောင်ရယ်လို့ ဖြစ်လာခဲ့တာပါ။

ဘာကြာလို့လဲ။ အဲဒါပျက်သတဲ့။ အဲဒါဆိုတာက အကောင်ကြီး ငါးကောင်ဆုံကြဖို့ရယ်ကို ပြောတာပါ။

ခြသေ့်က သဘောမတူဘူးတဲ့ခင်ဗျ။ နည်းလို့ဆိုလား။ ဝံပုလွေထပ် ထည့်ချင်သတဲ့။ ကျားသစ်ထပ်ထည့်ချင်သတဲ့။ မိကျောင်းထပ်ထည့်ချင် သတဲ့။ စုံနံ့သာမြိုင် ငြိမ်းချမ်းဖို့ရာ အလို့ငှာ ရှစ်ကောင်မျက်နှာချင်းဆိုင်ကြ ဖို့ လိုမယ်ဆိုလား။

တောသတ္တဝါတွေ တစ်ကောင့်တစ်ကောင် ရန်သတ္တရမပြုကြဘဲနဲ့ ငြိမ်းချမ်းသော မဟာဂနိုင်စုံနံ့သာမြိုင်ဘဝသို့ တက်လှမ်းနိုင်ရန်အလို့ငှာ တင်သွင်းလာတဲ့ အဆိုတွေကိုကြည့်တော့ . . .

မြေခွေး၊ ဆင်၊ ကျား၊ ကျားသစ်၊ ခြသေ့်၊ ဝံပုလွေ၊ မိကျောင်း၊ ဒေါင်းမ လေးတဲ့။

အသားမစားတဲ့ သတ္တဝါဆိုလို့ ဆင်နဲ့ ဒေါင်းမလေးပဲ ရှိတယ်။ တခြား အကောင်ကို ရန်မရှာတဲ့ သတ္တဝါဆိုတာကတော့ ဒေါင်းမလေး တစ်ကောင် တည်း။ အဲသည့်ရှစ်ကောင်ဆုံပြီး စုံနံ့သာမြိုင်အတွင်းမှာ တရားမျှတကာ ငြိမ်းငြိမ်းချမ်းချမ်းရှိကြဖို့ တွေ့ဆုံဆွေးနွေးကြရလေမတဲ့။ တော်တော့ကို သမမျှတတဲ့ပွဲပေါ့။ ဒေါင်းမလေးခမျာ လိုက်လျောရှာပါတယ်။ တွေ့ကြ ဆုံကြမယ်လေတဲ့။

"မဖြစ်ပါဘူး။ အဆွေတို့ စကြဝဠာ အနန္တ . . . တောရဂုံငြိမ်းချမ်းရေး အတွက် ရှစ်ကောင်သာတွေ့ပြီး ဆွေးနွေးတယ်ဆိုတာကဖြင့် ဘယ်နှာမှ တရားမျှတမှု မရှိနိုင်ပါလေဘူး။ အနို့ဖြစ်ပါ၍ အကောင်မှန်သမျှ ပါဝင်ကြ မှသာလျှင် တရားမျှတလိမ့်မည်ဟု ယုံကြည်ပေသည်"တဲ့။

အဲသဟာ တောကိုလုံခြုံရေးယူထားတဲ့ ဝံပုလွေရဲ့ စကားပါ။ အစွယ် တယားယားနဲ့ပေါ့။ စကားပြောရင်းကနေ သူ့အမြီးကိုသူ လျှာနဲ့လျက်လိုက် တဲ့အချိန်မှာ ဖွေးခနဲပေါ်သွားတဲ့ အစွယ်တွေကြားမှာ အသားစတချို့ ကပ်လို့ပေါ့။

mgyoe.com

mgyoe.com

မူလပထမငါးကောင်။ ဟော နောက်တော့ ရှစ်ကောင်။ အခုဖြစ်ပြန်ပြီ သတ္တဝါအနန္တ စကြာဝဠာအနန္တ။

(၂)

တကယ့် တကယ် အခုလို တောထဲမှာ တွေ့မယ်၊ ဆုံမယ်၊ ပြောမယ်၊ ဆိုမယ်၊ ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်ဆိုတာမျိုးတွေကို တိရစ္ဆာန်တွေ စိတ်ဝင်စားလာကြတာဟာ လူတွေက အဓိကခင်ဗျ။

မင်းတွေကျင့်ကြံရတဲ့ အပရိဟာနိယတရား ခုနစ်ပါးမှာ သန္နိပါတ တစ်နေ့ကိုသုံးကြိမ် စည်းဝေးတိုင်ပင်ကြရမယ်ဆိုတာ ပါတယ်မဟုတ်လား။ တစ်နည်းပြောရရင် မပြတ်စည်းဝေးတိုင်ပင်ကြရမယ်ဆိုလိုသပေါ့။ တိုးတက်ချင်ရင် တွေ့ဆုံဆိုတဲ့ လမ်းညွှန်ချက်ပါ။

မီတင် (Meeting) တဲ့။ ဝပ်ရှော့ (Workshop) တဲ့။ ဖိုရမ် (Forum) တဲ့။ ဆင်ပိုဇီယမ် (Symposium) တဲ့။ စည်းဝေးတယ်ပဲပြောပြော၊ အလုပ်ရုံဆွေးနွေးတယ်ပဲဆိုဆို၊ ညှိနှိုင်းတယ်ပဲ သမုတ်သမုတ်၊ တွေ့ဆုံတယ်ပဲ လုပ်လုပ်၊ ပသို့ဆိုစေ လူတွေဟာ တသီးတခြား မနေကြဘဲနဲ့ နီးနီးနားနား တွေ့ဆုံငြင်းခုံညှိနှိုင်းတိုင်ပင်ကြရင်းနဲ့ ရှေ့သို့၊ နောက်တစ်ဖန်ရှေ့သို့၊ နောက်ထပ်တစ်ဖန် ရှေ့သို့၊ တိုး၍ တိုး၍ သွားကာသွားကာနဲ့ အများတကာ သတ္တဝါတွေနဲ့မတူအောင် ထိပ်တန်းကိုရောက်လာခဲ့ကြတာ မဟုတ်လား။

စုံနံ့သာမြိုင်ထဲမှာ ကျင်လည်နေတဲ့ သတ္တဝါတွေဟာ အဲသဟာကိုတော့ သတိပြုမိကြလေသဗျ။ အနို့နှယ်၊ သို့နှယ်လည်း ထိပ်တန်းကိုတော့ ရောက်ချင်လာကြလေသဗျ။

သို့သော်လည်း တစ်ကောင့်တစ်ကောင် မျက်နှာချင်းဆိုင်ပြီး တွေ့ကြဖို့ဆိုတာကျတော့ ရတ်တရက်ကြီးမှာ ဗုက်ဖဲတွေနဲ့ ခက်ခဲနေကြပုံရပါတယ်။ မင့်ပါးစပ်ထဲမှာလည်း အသားစတွေနဲ့။ ငါ့လက်သည်းကြားမှာလည်း သွေးစတွေနဲ့။ မင့်ဂူထဲမှာလည်း အမဲရိုးတွေနဲ့။ ငါ့သစ်ပင်ခွကြားမှာလည်း သမင်ချိုလေးနဲ့။ သို့ကလိုနှယ်အခြေအနေကြီးမှာ တစ်ကောင့်တစ်ကောင်က ရှောင့်ရှောင်ဆိုတာမျိုးကြီး လုပ်နေကြရင်းနဲ့ နောက်ပိုင်းကျမှ ငါးကောင်တွေ့မယ်။ ရှစ်ကောင်တွေ့မယ်ဆိုတာတွေ ဖြစ်လာခဲ့တာကိုး။ ဟော . . .

mgyoe.com

mgyoe.com


အခုတော့ လုပ်ချလိုက်ပုံကြီးကို ကြည့်စမ်းပါဦး။ တစ်တောလုံးကို ကိုယ်စားပြုနိုင်ဖို့ရန်အလို့ငှာ သတ္တဝါမှန်သမျှ ပါဝင်တွေ့ဆုံကြဖို့ လိုပေသည်ဆိုလား။

ရေမြင်းကြီးတွေလည်း ပါလေမှတဲ့။ ပုရွက်ဆိတ်ကလေးတွေလည်း ပါလေမှတဲ့။ ကြံ့ကြီးတွေလည်း ပါလေမှတဲ့။ ပလူကလေးတွေလည်း ပါလေမှတဲ့။ မြင်းကျားတွေလည်း ပါလေမှတဲ့။ ဖြုတ်ကလေးတွေလည်း ပါလေမှတဲ့။ တောဝက်တွေလည်း ပါလေမှတဲ့။ ခါချဉ်တွေလည်း ပါလေမှတဲ့။ ငှက်ကြီးဝန်ပိုတွေလည်း ပါလေမှတဲ့။ နံ့ပြီစုတ်ကလေးတွေလည်း ပါလေမှတဲ့။ ဝေလငါးတွေလည်း ပါလေမှတဲ့။ ငါးလေးသားပေါက်တွေလည်း ပါလေမှတဲ့။ စပါးအုံးမြွေကြီးတွေလည်း ပါလေမှတဲ့။ တီကောင်ကလေးတွေလည်း ပါလေမှတဲ့။ လင်းတကြီးတွေလည်း ပါလေမှတဲ့။ နွားချေးပိုးထိုးတွေလည်း ပါလေမှတဲ့။ တိုးနရားကြီးတွေလည်း ပါလေမှတဲ့။ ခြတွေလည်း ပါလေမှတဲ့။

သြော် . . . အစုံအစုံ၊ မြင်အပ် မမြင်အပ် သတ္တဝါအစုံစုံ အဖုံဖုံ၊ တစ်တောလုံးခြုံငုံမိလေမှ တောတွင်းတွေ့ဆုံပွဲကလေးကို လုပ်ဖို့ သင့်လျော်လေမယ်ဆိုပြီး အဆိုတင်သွင်းလာခဲ့ကြလေသတဲ့။

"ဆရာဂျုက် ကျုပ်တို့ စုံနံ့သာမြိုင်တောကြီး မထင်မှတ်နိုင်လောက်အောင် ဖွံ့ထွားစည်ပင်လာဖို့ရာအတွက် သတ္တဝါအနန္တတွေ့ဆုံညှိနှိုင်းသုံးသပ် ဆုံးဖြတ်တိုင်ပင်နှီးနှောဆွေးနွေး အဖြေရှာသမှု ပွဲတော်ကြီးဟာ ဖြစ်နိုင်ပါတယ်နော်"

မြေခွေးက ကျွန်ုပ်ကို သို့ကလို မေးပါတယ်။ ကျွန်ုပ်ကလည်း ဖြေရပါတယ်။

"ခင်ဗျားတို့ ရွှေဉာဏ်တော်စူးရောက်ပုံနဲ့ကဖြင့် အောင်မြင်ရပေမှာပေါ့ဗျာ"လို့။

သြော် . . . မြေခွေးနှယ် "စူးရောက်"ကို စကားလိမ်နဲ့များ ပြန်ဆိုမိပြီး ကျွန်ုပ်ကို စိတ်ဆိုးကာ ကိုက်မှ ခဲမှဖြင့်။ "စူးရောက်"ကို စကားလိမ်မပြန်မိခင် မြန်မြန်ကလေးပြေးထားနှင့် ပေဦးမှဟူလို တမုံ့တကား။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရုပ်ပေါ်ယုန်
# ဝေနှစ်ပါ

ကျွမ်းဝင်ကြီး



mgyoe.com

mgyoe.com

(၁)

ကျားနဲ့ဆင်လို့ ခင်ဗျားတို့ အစကထင်ကြတယ်မဟုတ်လား။ ပြီးတော့ ကေန်မုချ လယ်ကွင်းပြင်ထဲမှာပဲ ဖြစ်ရမယ်လို့လည်း မှန်းထားခဲ့ကြရဲ့ မဟုတ်လား။ ဟုတ်တယ်။ ပြဿနာဆိုတာကတော့ မှန်တယ်။ ထိပ်တိုက် တိုးကြတာလည်း ဟုတ်တယ်။ ဒါပေမဲ့ ကျားနဲ့ဆင်တော့ မဟုတ်ဘူး။ လယ်ကွင်းပြင်ထဲမှာလည်း မဟုတ်ဘူး။ ခင်ဗျားတို့က ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ဆိုတဲ့ စကားကိုမှီပြီး စုံနံ့သာမြိုင်မှာ ပြဿနာဖြစ်နေပြီဆိုတာကို သိကြားတာနဲ့ ဒါပဲထင်နေကြတာ။ အခုဟာက ယုန်နဲ့ခွေး ပြဿနာဗျ။

(၂)

တစ်ကောင်နဲ့ တစ်ကောင် စောင်တောင်တောင်ကြီးတွေဖြစ်နေကြတာကတော့ သုံးနှစ်သုံးမိုးလောက်တောင်မှ ရှိလေမလားပဲ။ အကြောင်းရင်းခံက မုန်လာခင်းကြီးပဲပေါ့။

ပြောရရင် စုံနံ့သာမြိုင်တောကြီးရဲ့ အလယ်နားလောက်ဆီမှာ တောင်ပူစာကလေးတစ်လုံးရှိတာကို သတိထားမိကြမယ်ထင်ပါရဲ့။ အဲသည့်တောင်ပူစာကလေး ပတ်ပတ်လည်က မြေပြင်တစ်မျှော်တစ်ခေါ်ကြီးဟာ အားလုံးလိုလို မုန်လာခင်းတွေချည်းပဲ။ ယုန်ကလေးတွေ အကြိုက်ပေါ့။

ရှုံ့အဆက်ဆက်၊ ယုန်အဆက်ဆက် ဘိုးဘေးဘီဘင်ယုန်တို့ရဲ့ ရာဇဝင်မှာ အဲသည့်မုန်လာခင်းကြီးထဲမှာပဲ ကျက်စားလာခဲ့ကြတဲ့ဥစ္စာ။ သတ္တဝါကလေးတို့ ဘာသာဘာဝ ကိုယ်အသက်ရှင်လို့ရမယ့်နေရာကို စားကျက်အသွင်မှတ်ပြီး အသက်ရှင်တတ်အောင် ကြိုးစားရှာခဲ့ကြရတာ မဟုတ်လား။

mgyoe.com

mgyoe.com


ထိပ်တိုက်တိုးတာက အဲသည့်တောရဂုံအလယ် တောင်ပူစာတစ်ဝိုက်က မုန်လာခင်းပြင်ကျယ်ကြီးထဲမှာ တိုးကြတာ။ ပြောခဲ့ပြီလေ ယုန်နဲ့ခွေးပြဿနာပါလို့။ သိပ်ပြီးတိုက်ရိုက်ကျလွန်းတဲ့ အကျိုးစီးပွားကိစ္စတော့မဟုတ်ဘူး ခင်ဗျ။ သိတဲ့အတိုင်း ခွေးတွေက မုန်လာဥစားချင်လို့မှမဟုတ်တဲ့ဟာကိုး။

(၃)

ပထမဦးဆုံးမုန်လာခင်းကြီးတွေ ဝိုင်းထားတဲ့ တောင်ပူစာတစ်ဝိုက်ကို ရောက်လာတဲ့လူတွေက ရှိလှငါးယောက်ပေါ့။ နှာခေါင်းပွပွတိုတို၊ အသားနီစပ်စပ်၊ မျက်ပေါက်ကျဉ်းကျဉ်း။ မော်တော်ကားနှစ်စီးနဲ့။ ထိုးထိုးထောင်ထောင်၊ ပြူးပြူးပြောင်ပြောင်လက်နက်ကိရိယာတန်ဆာပလာတွေနဲ့။ တစ်လကိုးသီတင်း စခန်းချပြီးတော့ကို စမ်းသပ်စစ်ဆေးနေတော့တာပါ။ မြေကြီးတွေကိုတူးလိုက်၊ စမ်းလိုက်။ ဟိုးအတွင်းထဲကို သံပိုက်လုံးကြီးတွေရိုက်သွင်းကာ ကမ္ဘာ့မြေအလွှာအောက်သားတွေကို နှိုက်ထုတ်လိုက်၊ စမ်းလိုက်၊ မြေပုံအညွှန်းတွေကိုဖတ်လိုက်၊ sea level ချိန်လိုက်။ မှန်ပြောင်းကြီးတွေထုတ်ကာ နီးဝေးဝန်းကျင်ကို ကြည့်လိုက်။

စုံနံ့သာမြိုင်က သတ္တဝါကလေးတွေခမျာ လူတွေဖြစ်မှန်းသိသော်လည်းပဲ တစ်မူခြားနားတဲ့ လူသားတွေဖြစ်နေတာကြောင့် ဘယ့်နှာပါလိမ့်မလဲလို့ဆိုကာ လှမ်းလှမ်းပြီး ကြည့်ကြည့်နေခဲ့ကြရင်း ဘာကြာလို့လဲ။ နောက်ထပ်လူတွေရောက်လာပြီးတော့ကာ အဆောက်အအုံတွေဆောက်ကြ၊ လူ့အသုံးအဆောင်ပရိဘောဂတွေ သယ်ဆောင်လာကြ၊ မီးစက်ကြီးတွေ မောင်းကြ၊ မြေတူး၊ မြေကော်၊ မြေသယ်ကားကြီးတွေ ဝင်လာကြနဲ့ ဖုန်တလုံး လုံးရယ်မှ မကုန်ဆုံးသေးမီမှာကိုပဲ တောခွေးတွေအုပ်လိုက်ကြီးကို ရောက်ချလာခဲ့ကြတော့တာပါ။

"မင်းတို့ယုန်တွေ မုန်လာခင်းကြီးတွေထဲကနေ အမြန်ဆုံးစွန့်ခွာရမယ်"တဲ့

ခေါင်းဆောင်ဖြစ်ပုံရတဲ့ တောခွေးက တစ်ရက်မုန်လာခင်းထဲမှာ ယုန်ကလေးတွေ ကိုယ်စီကိုယ်စီ မုန်လာဥစားနေကြတုန်း လာပြောတာပါ။

mgyoe.com

mgyoe.com

"အို . . . ဘယ်လိုစကားပါလိမ့်။ အဆွေတောခွေးရယ်။ အဆွေလည်း တိရစ္ဆာန်၊ ကျုပ်တို့လည်းတိရစ္ဆာန်၊ ဟောသည်စုံနံ့သာမြိုင်တောကြီးထဲမှာ နေလာကြတာ ကြာလှပေါ့ဥစ္စာ။ ဟိုး . . . ဘိုးဘွားဘီဘင်အဆက်ဆက် ကျုပ်တို့ဟောသည် မုန်လာခင်းကြီးတွေကို အမှီပြုပြီး အေးအေးလူလူနေ ထိုင်ခဲ့ကြလေတဲ့ဟာကို ခုခါမှ ဘယ့်နှယ်ဖယ်ပေးကြရမယ်လို့"

လည်လည်ပတ်ပတ်နဲ့ တောသတင်းစာကလေးဘာလေး ဖတ်ပုံရတဲ့ ယုန်တစ်ကောင်က အဲသလို ပြန်ပြောတော့ တောခွေး ငြိမ်သွားပါတယ်။ နည်းနည်းလည်း တွေတွေဝေဝေဖြစ်သွားတယ်။

"အေး . . . မင်းတို့နဲ့ငါနဲ့ တွေ့မယ်။ ငါပြန်လာမယ်"တဲ့။

ပြောတဲ့အတိုင်းပါပဲ။ နောက်တစ်ရက်နေခြည်ပျိုးစ မုန်လာခင်းကြီး ထဲမှာ ယုန်ကလေးတွေ အစာစားနေတုန်း တောခွေးတွေပြန်ရောက်လာခဲ့ ကြပြန်တာပါ။

"မင်းတို့ယုန်တွေ ဖယ်ကိုဖယ်ရမယ်။ ဒါစီမံကိန်းနယ်မြေ။ ဟောသည့် တစ်ပိုက်မှာ အဖိုးတန်ရတနာတွေကို တူးဆွထုတ်လုပ်ဖို့ စုံနံ့သာမြိုင်ဥစ္စာ ခနဖွံ့ထွားရေး ကော်မရှင်က သတ်မှတ်ပြီးသား။ သို့သော် မင်းတို့ယုန်တွေ မနစ်မွန်းရလေအောင် ငါတို့က ယုန်တစ်ကောင်ကို မုန်လာဥဆယ်လုံးစီ ဝေငှပေးမှာဖြစ်တယ်"

"ဗျာ"

တော်တော်ကျယ်လောင်တဲ့ဗျာ ခင်ဗျ။ တောလုံးညံ့တဲ့ဗျာ။ တောလုံး လျှံတဲ့ဗျာ။ တောလုံးဟိန်းတဲ့ဗျာ။ တောလုံးသိမ်းတဲ့ဗျာ။ တောခွေးစကား ကြောင့် ယုန်တွေအံ့သြပြီး ဗျာလိုက်တဲ့အသံဟာ စုံနံ့သာကိုတုန်ခါလို့ သွား ခဲ့ရပါပေါ့။ သြော် . . . မုန်လာဥဆယ်လုံးစီ လက်ခံကာ ဘိုးစဉ်ဘောင် ဆက်အသက်ရှင်ခဲ့ရာ စားကျက်ခင်းကြီးထဲကနေ ဖယ်ပေးရလေမတဲ့။ သို့ ကြောင့်ဗျာ၊ ထို့ကြောင့်ဗျာ၊ အနို့ကြောင့်ဗျာတာမို့ တောလုံးညံ့တာ ဘာ ဆန်းသတုံးဗျာရယ်။

"အဆွေတို့ပေးတဲ့ မုန်လာဥကုန်သွားတော့ ကျုပ်တို့က ဘဇာသွား စားရမှာတုံး။ အဆွေတို့ တောခွေးတွေဟာ တိရစ္ဆာန်အချင်းချင်း မညှာ မတာဘဲနဲ့ လူတွေရဲ့ အကျိုးစီးပွားဘက်ကနေ ရပ်တည်နေကြတယ်။

mgyoe.com

mgyoe.com


တိရစ္ဆာန်ရာဇဝင်မှာ စိတ်ဒဏ်ရာထင်သွားပြီ အဆွေတောခွေးတို့ရဲ့"

ယုန်ကောင်အသီးသီးက ဘယ့်နှာသို့ ပုံဆောင်ပြီး ပြောသော်လည်း တောအခြင်းအရာက သဘောတင်းမာခဲ့ပါပြီ။

ယုန်တွေက မုန်လာခင်းကြီးရဲ့ အစပ်မှာပေရပ်လို့။ တောခွေးတွေက လည်း မျက်နှာချင်းဆိုင် အနေအထားကနေ သတိချပ်လို့။ ဆုတ်ရင်ဆုတ်၊ မဆုတ်ရင်ပြေးအုပ်ပြီး ငုံခဲပစ်လိုက်မယ်ဆိုတဲ့ အနေအထား။ ကျူးကျော် သူလူတွေက တောခွေးတွေရဲ့ နောက်နားမှာ သေနတ်ကိုယ်စီနဲ့ရပ်လို့ ယုန် ကလေးတွေက အန္တရာယ်ပြုလာခဲ့ရင် ပြန်ပြီးကာကွယ်ဖို့ရာဆိုလား။

အဲသည့်အချိန်မှာပဲ 'ကိုက်' ဆိုတဲ့ အမိန့်ပေးသံထွက်လာတဲ့အခါ တောခွေးတွေက ယုန်အုပ်ကြီးရှိရာကို ပြေးဝင်သွားသဗျ။ အစွယ်တွေ အဖွေးသားနဲ့ပေါ့။ ယုန်ကလေးတွေ ဖရိုဖရဲ နည်းနည်းဖြစ်သွားပါတယ်။ သုံးလေးကောင်လောက်တော့ရှိမယ်ထင်ပါရဲ့။ တောခွေးတွေရဲ့ ပါးစပ်ထဲမှာ သွေးအလူးလူးနဲ့။ သွေးစွန်းတဲ့ စုံနံ့သာမြိုင်ဟာ ရုတ်ခြည်းဆိုသလို တိတ် ကျသွားပါတယ်။ အကုန်လုံးတစ်ကောင့်တစ်ကောင်စောင့်ကြည့်နေကြတဲ့ အနေအထား။

ထိုစဉ် မထင်မှတ်ဘဲ ပေါ်လာတာ မြေခွေးခင်ဗျ။ တောဦးသျှောင် မြေခွေး။ ကားနဲ့တင်ပြီး ခေါ်လာတာ။ တစ်ကောင်တည်းတော့ မဟုတ်ဘူး။ ကျားပါတယ်။ ခြသေ့ပါတယ်။ ဆင်ပါတယ်။

တောင်ကမူကလေးရဲ့ အစပ်မှာ ကားကိုရပ်လိုက်တော့ အမိုးဖွင့်ကား ပေါ်က အကောင်ကြီးတွေကို အကုန်လုံးလှမ်းပြီး မြင်နေရတယ်။

မြေခွေးက မတ်တတ်ရပ်ပြီး အသံချဲ့စက်နဲ့ စကားပြောပါတယ်။

"သွေးထွက်သံယိုဖြစ်ရချေပြီ။ အဆွေယုန်တို့ အခုကိစ္စက လူတွေ အကျိုးတစ်ခုကိုပဲကြည့်ပြီး လုပ်တဲ့စီမံကိန်းမဟုတ်ချေဘူး။ တို့များ တိရစ္ဆာန်တွေရဲ့ အကျိုးလည်း ပါပါတယ်။ စုံနံ့သာမြိုင် ဥစ္စာစနေဖွံ့ထွား ရေးကော်မရှင်နဲ့ ပူးပေါင်းလုပ်တဲ့အလုပ်ပါ။ ဒါကြောင့် တိရစ္ဆာန်တွေရဲ့ အကျိုးငှာ နောက်ထပ်သွေးမဖြာခင် ဝေးရာသို့သွားကြပါ။ တောခွေးတွေ ကတော့ ကိုက်ဆိုကိုက်မှာပဲ ဖြစ်ပါတယ်။ မိတ်ဆွေလူသားတို့ကို အထိ မခံနိုင်ပါ"တဲ့။

mgyoe.com

mgyoe.com


စုံနံ့သာမြိုင်သက်ငြိမ်။ ယုန်တွေမျှသာမဟုတ်ပါဘူး။ နံဘေးကနေလာကြည့်နေကြတဲ့ တိရစ္ဆာန်မှန်သမျှသက်ငြိမ်။

လူတွေနဲ့ အကျိုးတူအလုပ်လုပ်တဲ့ စုံနံ့သာမြိုင်ဥစ္စာနေဖွဲ့ထွားရေး ကော်မရှင်မှာ အစုရှယ်ယာပါဝင်တဲ့ ကျားကြီး၊ ခြသေ့ကြီးနဲ့ ဆင်ကြီးက ကားပေါ်မှာ ငုတ်တုတ်။ မုန်လာခင်းကြီးထဲမှာက ဘယ်ပြေးရမှန်းမသိတဲ့ ယုန်အုပ်။ အကောင်ကြီးတွေက သူ့လူများကို အမှာစကားထပ်ခြွေလိုက်ပြန်တာက ဆက်လုပ်။

❒

mgyoe.com

mgyoe.com

ထိုရွာနှစ်တွေ

# စစ်တမ်း

ကောက်ကြောင်းများက

ချုပ်

ကျွမ်းကြော်ကိုမိုး




mgyoe.com